ကြေးမုံ
The Mirror Daily
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၇ ခုနှစ်၊ တန်ခူးလကွယ် ဗုဒ္ဓဟူးနေ့။ Wednesday, 15 April 2026 ၁၂၁၄၉



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၃၈၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ရေကစားမဏ္ဍပ်၌ ယိမ်းအကအဖွဲ့များအား မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ အတာသင်္ကြန်ရေ ပက်ဖျန်းပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ၁၃၈၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ရေကစားမဏ္ဍပ်သို့ သွားရောက်၍ တပ်မတော်မိသားစုများနှင့်အတူ အတာရေသဘင်ပါဝင်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၄

ယနေ့ ဧပြီ ၁၄ ရက်တွင် ကျရောက်သည့် မြန်မာ့ရိုးရာအတာသင်္ကြန်အကျနေ့တွင် မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ပြုလုပ်သည့် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ရေကစားမဏ္ဍပ်သို့ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ သွားရောက်၍ တပ်မတော်မိသားစုဝင်များနှင့်အတူ အတာရေသဘင်အား အတူတကွ ပါဝင်ဆင်နွှဲကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

ယနေ့ ဖတ်စရာ

**မန္တလေးမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန် အကျနေ့တွင် ပြည်သူများ လမ်းလျှောက်သင်္ကြန် အားပါးတရ ပျော်ရွှင်စွာဆင်နွှဲ**

စာမျက်နှာ » ၅



**မဟာသင်္ကြန်အကျနေ့ အင်းလေးရေပေါ် သင်္ကြန်ရေလယ်ဥဒေါ်ခန်းမ ရေကစားမဏ္ဍပ်၌ ရေကစားသူများ၊ ခရီးသွားဧည့်သည်များ ပျော်ရွှင်စွာ ရေကစားလျက်ရှိ**

စာမျက်နှာ » ၆

**တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာ မဟာသင်္ကြန် အကျနေ့ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပဆင်နွှဲ**

စာမျက်နှာ » ၁၂

ကြေးမုံ

# မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲ သိုက်သိုက်ဝန်းဝန်း ပျော်ရွှင်စွာဆင်နွှဲ

နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် ကျင်းပခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာအတာသင်္ကြန်ပွဲတော်သည် ယခုမြန်မာနှစ်သစ်အဖို့ ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားသည့်ပွဲတော်ကြီးအဖြစ် ရှုမြင်နေရပြီဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဒီမိုကရေစီနိုင်ငံရေးအခင်းအကျင်းသစ် စတင်အကောင်အထည် ဖော်သည့် ပြည်သူက ရွေးချယ်တင်မြှောက်ခဲ့သော နိုင်ငံတော်အစိုးရအဖွဲ့သစ် စတင်တာဝန်ယူဆောင်ရွက်မှုနှင့်အတူ နိုင်ငံတော်နှင့်ပြည်သူ အေးချမ်းသာယာ ဝပြောပြီး ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း နှစ်သစ်မင်္ဂလာကို သင်္ကြန်အတာရေစင် ပက်ဖျန်းပြီး ဖွင့်လှစ်ကြိုဆိုခဲ့ခြင်းဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ် ၁၂ ရက်(ဧပြီလ ၁၃ ရက်နေ့) သင်္ကြန်အကြိုနေ့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် နေပြည်တော် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပေးခဲ့သည်။ ယခုနှစ် ကျင်းပသည့် နေပြည်တော်လမ်းလျှောက်သင်္ကြန်ပွဲတော်သည် နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ ဝန်ထမ်းမိသားစု များ၊ ပြည်သူများအားလုံးပူးပေါင်းပြီး စိတ်သစ်လူသစ်၊ နိုင်ငံရေးအခင်းအကျင်း အသစ်တွင် အစိုးရနှင့်ပြည်သူ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲပူးပေါင်းညီညွတ်မှုကို ညွှန်းဆိုဖော်ပြလိုက်သည့် ပွဲတော်ဖြစ်သည်။ အလားတူ ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့များအားလုံးတွင်လည်း အစိုးရနှင့်ပြည်သူ လက်တွဲကြည်ဖြူ ပျော်ရွှင် ချမ်းမြေ့မှုများကို တွေ့မြင်နေရသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ပျော်ရွှင်စွာဆင်နွှဲနေကြပြီဖြစ်သည်။ နေပြည်တော်သင်္ကြန်ပွဲတော်တွင် ဝန်ကြီးဌာန များအလိုက် သင်္ကြန်ရေကစားမဏ္ဍပ်များ၊ တိုင်းရင်းသားရိုးရာရေကစားမဏ္ဍပ်များ၊ မြန်မာ့ရိုးရာသနပ်ခါးမဏ္ဍပ်၊ လက်ဖက်ပွဲတော်မဏ္ဍပ်နှင့် ထမနဲမဏ္ဍပ်များ၊ စတုဒိသာ အကျွေးအမွေးမဏ္ဍပ်များ၊ ယိမ်းအကအဖွဲ့များနှင့် နာမည်ကျော်အဆိုတော်များ၏ သီဆိုကပြ ဖျော်ဖြေတင်ဆက်မှုများနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ မန္တလေးမြို့တွင် လမ်းလျှောက်သင်္ကြန်၊ စက်ဘီးသင်္ကြန်၊ မြို့မတေးဂီတအဖွဲ့နှင့် ယိမ်းအကအလှ ဖျော်ဖြေတင်ဆက်မှုများသည် ကြည့်မဝနိုင်ဖြစ်ရသည်။

ယခင်က အစည်ကားဆုံးဖြစ်ခဲ့သည့် ရန်ကုန်မြို့ မဟာသင်္ကြန်ပွဲတော်တွင် လမ်းလျှောက်သင်္ကြန်အဖြစ် ရေပက်ကစားကြပြီး သနပ်ခါးလူးပွဲတော်ကိုလည်း ထည့်သွင်းကျင်းပလျက်ရှိသည်။ ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်သည် နှစ်ဟောင်းမှအညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင်သည့် ထူးခြားသောယဉ်ကျေးမှုအမွေအနှစ် ဖြစ်သည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် ပြည်သူအားလုံး၏ ယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သဖြင့် မြန်မာ့ယဉ်ကျေးမှုကို ညစ်နွမ်းစေသောအပြုအမူ လုပ်ကိုင်ဆောင်ရွက်မှုများကို ရှောင်ရှားကြရမည်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုနှင့် အညီ ပျော်ရွှင်စွာဆင်နွှဲကြခြင်းသည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်း စောင့်ရှောက်ခြင်းလည်းဖြစ်သည်။

၂၀၂၆ ခုနှစ်(၁၃၈၇ ခုနှစ်) မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကို ဖြစ်ပေါ် နေသော အခြေအနေအရပ်ရပ်တို့ကြောင့် အလှပြယာဉ်များ၊ ရေပက်ခံကားများဖြင့် ရေပက်ကစားဖျော်ဖြေခြင်းများကို ပြုလုပ်ခြင်းမပြုဘဲ လမ်းလျှောက်သင်္ကြန်အဖြစ် ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်သည်။ မဏ္ဍပ်များတွင် ယိမ်းအကအဖွဲ့များ ဖျော်ဖြေတင်ဆက်ခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ လူကြီးသူမများအား ခေါင်းလျှော် ပေးခြင်း၊ လက်သည်းညှပ်ပေးခြင်း၊ ဆေးဝါးများလှူဒါန်းခြင်း၊ အာဟာရကျွေးမွေး ခြင်း၊ စေတီဘုရားကျောင်းကန်များတွင် ကုသိုလ်ကောင်းမှုများပြုလုပ်ခြင်း၊ ငါးလွှတ် ခြင်းကဲ့သို့ ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်းစသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုများကို အစဉ်အလာမပျက်ပြုလုပ်ကြရာ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်နှင့်အတူ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း အေးချမ်းသာယာဝပြောမှုကို ဆောင်ကြဉ်း ပေးမည့်သဘောဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ကုန်လွန်ခဲ့သောနှစ်ဟောင်းတွင် အခက်အခဲ များ၊ စိန်ခေါ်မှုများ စသည့် အမျိုးမျိုးတို့ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး အခက်အခဲများ ကြားမှ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို နိုင်ငံတော်အစိုးရနှင့် ပြည်သူ လက်တွဲညီညီ အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်သည်။ မြန်မာနှစ်သစ်သို့ ကူးပြောင်းရောက်ရှိတော့မည့် အချိန်အခါကာလတွင် နိုင်ငံတစ်ဝန်း ကျင်းပပြုလုပ် သည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်သည် သာမန်ပျော်ပွဲရွှင်ပွဲနှင့်မတူသော နိုင်ငံတော်အစိုးရသစ်၊ ပြည်သူက ရွေးကောက်တင်မြှောက်သည့် လွှတ်တော် ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၊ ပြည်သူများ အားလုံးပူးပေါင်းပြီး စိတ်သစ်၊ လူသစ်၊ နိုင်ငံရေးအခင်းအကျင်းသစ်များဖြင့် အတူတကွအားလုံးပျော်ရွှင်စွာ ဆင်နွှဲ ကြသည့်၊ အနှစ်သာရပြည့်ဝသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကြီး တစ်ခုဟု ရှုမြင်ရမည်ဖြစ်ပါကြောင်း။ ။

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ် ၁၂ ရက်နေ့မှ ကဆုန်လဆန်း ၁ ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန် မဏ္ဍပ်၌ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပခြင်း၊ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှ ဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ် မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ်(၁၂)ရက်နေ့မှ ကဆုန်လဆန်း(၁)ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-
(က) မူးယစ်သောက်စားယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်) မပါဘဲ မမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲ ယာဉ်များ မမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(ည) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ဘေးတွဲ ဆိုင်ကယ်များမှ စီးနင်းခြင်း လုံးဝမပြုရ။
(ဋ) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ) ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွမီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးထားပြီး ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ အတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ပေါက်ခေါင်းမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြော

ပေါက်ခေါင်း ဧပြီ ၁၄

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အပူဒဏ်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့တွင် ပေါက်ခေါင်းမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ ငခူအိုင်ကျန်းမာရေးဌာန၊ ရပ်သစ်ကျန်းမာရေးဌာနခွဲအပိုင်ရှိ ဘုန်းတော်ကြီးကျောင်းများ၌ ပြုလုပ်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်မျိုးမြတ်၏ ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များနှင့် လိုက်နာဆောင်ရွက်ရန်အချက်များ၊ အရေးပေါ်ရှေးဦးပြုစုခြင်း အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် "ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်" အသိပညာပေး လက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

## ၁၄ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ၁၃၈၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစု ရေကစားမဏ္ဍပ်၌ မြဝတီတေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များ၊ ယိမ်းအဖွဲ့များက တေးသီချင်းများ၊ ယိမ်းအကအလှများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၁၃၈၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) မိသားစုရေကစားမဏ္ဍပ်၌ အခမ်းအနား တက်ရောက်လာကြသူများအား မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ အတာသင်္ကြန်ရေပက်ဖျန်းပေးစဉ်။

❂ ရွှေဖုံးမှ

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) မိသားစုများ၏ မဟာသင်္ကြန်ပွဲတော်ရေကစားမဏ္ဍပ်သို့ နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် မိသားစုဝင်များ၊ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အနုပညာရှင်များ၊ ယိမ်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။



၁၃၈၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစု ရေကစားမဏ္ဍပ်၌ အတာရေသဘင်ပွဲဆင်နွှဲကြသူများကို တွေ့ရစဉ်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊ လေ) မိသားစုများ၏ မဟာသင်္ကြန်ပွဲတော် ရေကစား မဏ္ဍပ်သို့ ရောက်ရှိကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများနှင့် ယိမ်းအဖွဲ့များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြဝတီတေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များ၊ ယိမ်းအဖွဲ့များက တေးသီချင်းများ၊ ယိမ်းအကအလှများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အခမ်းအနားတက်ရောက် လာကြသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများ၊ အနုပညာရှင်များ၊ ယိမ်းအကအဖွဲ့များအား အတာသင်္ကြန်ရေကို မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ပက်ဖျန်းပေးကြပြီး အတာရေသဘင်ပွဲတော်ကို အတူတကွဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အားကစားရေးရာဝန်ကြီးဌာန မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကျင်းပ




**နေပြည်တော် မေ ၁၄**

အားကစားရေးရာ ဝန်ကြီးဌာန မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)၌ ကျင်းပရာ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းနှင့်ဇနီး၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်း၊ ဒုတိယဝန်ကြီး ဦးစစ်နိုင်နှင့်ဇနီး၊ အမြဲတမ်း အတွင်းဝန်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အားကစားရေးရာ ဝန်ကြီးဌာန မဟာသင်္ကြန်ပွဲတော် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြူမှောင်ဝေကင်း တေးသီချင်းဖြင့် ယိမ်းအဖွဲ့ဝင်များက စုပေါင်း၍ သံပြိုင်ညီညာ ကပြဖျော်ဖြေခြင်း၊ တာဝန်ရှိသူများက ယိမ်းအဖွဲ့ လှုပ်ဖြူများနှင့် တက်ရောက်လာသည့် ဧည့်ပရိသတ်များအား အောင်သပြေခက်ဖြင့် အတာရေ ပက်ဖျန်းပေးခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် အားကစားရေးရာ ဝန်ကြီးဌာနနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနတို့ရှိ ဌာနခွဲအသီးသီးမှ ဧည့်ခံကျွေးမွေးသည့် စတုဒိသာ မြန်မာ့ရိုးရာ အစားအစာများကို ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့်အတူ သုံးဆောင်ကာ ဌာနခွဲများမှ ယိမ်းအဖွဲ့များ၏ အကအလှုများဖြင့် ဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှု အားပေးကြသည်။

ယင်းနောက် အတာရေ အပြန်အလှန် ပက်ဖျန်းခြင်း၊ ဌာနခွဲများမှ ဝန်ထမ်းယိမ်းအဖွဲ့များနှင့် Fitness Dance အဖွဲ့၏ တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေခြင်းတို့ကိုဆောင်ရွက်ကြပြီးဖျော်ဖြေရေး အဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဟာသင်္ကြန်အကျနေ့တွင် သံတမန်များနှင့် မိသားစုဝင်များ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် မိသားစုဝင်များ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်၊ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် မဟာဗန္ဓုလပန်းခြံလမ်းရှိ လမ်းလျှောက်သင်္ကြန်ပွဲတော် ပျော်ရွှင်စွာ ဆင်နွှဲ

**ရန်ကုန် မေ ၁၄**

မဟာသင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့အခြေစိုက် သံတမန်များနှင့် မိသားစုဝင်များ၊ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် မိသားစုဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်၊ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် မဟာဗန္ဓုလပန်းခြံလမ်းရှိ လမ်းလျှောက်သင်္ကြန်ပွဲတော်တို့ကို သင်္ကြန်ချစ်သူ ပြည်သူများနှင့်အတူ ပျော်ရွှင်စွာဆင်နွှဲကြသည်။



ဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့်ဇနီး ဦးဆောင်သည့် သံတမန်များနှင့် ဧည့်သည်တော်များသည် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့်ဇနီး နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ သံတမန်များနှင့် ဧည့်သည်တော်များသည် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်၌ သင်္ကြန်ချစ်သူ ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ရေကစားကြပြီး မြန်မာ့ရိုးရာသနပ်ခါးကို အပြန်အလှန် လိမ်းခြယ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ သံတမန်များနှင့် ဧည့်သည်တော်များသည် Royal Apex မဏ္ဍပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) ယိမ်းအဖွဲ့၏ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ယိမ်းအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ တေးသံရှင် စိုးညီညီနှင့်အဖွဲ့၏ တေးသီချင်းများဖြင့် ဖျော်ဖြေမှု၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ မမများအဖွဲ့က ယိမ်းအကဖြင့်ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E.Mr. Harishchandra Ghimire က နှစ်သစ်ကူး ဆုတောင်းစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး ဦးဆောင်သည့် သံတမန်များနှင့် ဧည့်သည်တော်များသည် မန်းတောင်ရိပ်ခို တေးသီချင်းကို နိုင်ငံကျော်တေးသံရှင်များနှင့်အတူ စုပေါင်းသီဆိုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဇနီး ဦးဆောင်သည့် သံတမန်များနှင့် ဧည့်သည်တော်များသည် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်သို့ ရောက်ရှိကြပြီး မဟာဗန္ဓုလပန်းခြံလမ်းရှိ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် သင်္ကြန်ချစ်သူပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ယိမ်းအဖွဲ့များ၊ ရွှေဂုဏ်သူယိမ်းအဖွဲ့များ၊ ရှမ်းတိုင်းရင်းသား ကိုယ်စားပြု အကအဖွဲ့တို့၏ ကပြဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

**နှစ်သစ်ကူး ဂုဏ်ပြုအမှာစကားပြောကြား**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် သီရိလင်္ကာ သံအမတ်ကြီး H.E.Mrs Ponnamperuma Arachchige Prabashini Ponnam–Peruma တို့က နှစ်သစ်ကူး ဆုတောင်းစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သံတမန်များနှင့် ဧည့်သည်တော်များအား မြို့တော်ခန်းမရှိ ပထမထပ် မြေညီခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်သစ်ကူးဂုဏ်ပြု အမှာစကားပြောကြားသည်။

ယနေ့ မဟာသင်္ကြန်အကျနေ့တွင် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်၊ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် မဟာဗန္ဓုလပန်းခြံလမ်းရှိ လမ်းလျှောက်သင်္ကြန်တို့တွင် သင်္ကြန်ချစ်သူပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ–နေဇော်**

# နိုင်ငံခြားရေးဝန်ကြီးဌာန၏ သံတမန်သင်္ကြန်ပွဲတော် ကျင်းပ



**နေပြည်တော် မေ ၁၄**

၁၃၈၈ ခုနှစ် မြန်မာနှစ်သစ်ကူး အခါသမယကို ကြိုဆိုသောအားဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သံတမန်သင်္ကြန်ပွဲတော်ကို ယနေ့ မဟာသင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ နိုင်ငံခြားရေး ဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့၏ မြက်ခင်းပြင်၌ ကျင်းပသည်။

ဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်က နှစ်သစ်ကူး ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

သံတမန်သင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြား သံရုံးများ/အဖွဲ့ရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ကုလသမဂ္ဂနှင့် ၎င်း၏ လက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း/အမှုထမ်းများနှင့် မိသားစုဝင်များ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ထမ်းဟောင်းများ၊ မြန်မာသံတမန် သင်တန်းကျောင်းမှ နည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် သံတမန်သင်္ကြန်ပွဲတော်သို့ တက်ရောက်လာကြသည့် သံတမန်များနှင့် ဧည့်သည်တော်များအား မြန်မာ့ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံပြီး နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများက သင်္ကြန်ယိမ်းအကအလှုများဖြင့် သီဆိုကပြဖျော်ဖြေကြကာ ပါဝင်ဆင်နွှဲကြသူများသည် ပျော်ရွှင်စွာ အတူတကွ ရေပက်ကစားကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ မဟာသင်္ကြန်အကျနေ့ အတာရေသဘင်ပွဲတော်ဆင်နွှဲသူများဖြင့် စည်ကားများပြား



ရန်ကုန် ဧပြီ ၁၄

ရန်ကုန်မြို့ရှိရေကစားမဏ္ဍပ်များနှင့်လမ်းလျှောက်သင်္ကြန်တို့တွင် ပြည်သူများသည် ယနေ့မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အကျနေ့ နံနက်ပိုင်းမှစ၍ အတာရေသဘင်ပွဲတော်ကို ဆင်နွှဲကြပြီး ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်၊ ပြည်သူ့ရင်ပြင်သင်္ကြန်မဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်တို့တွင် သင်္ကြန်ချစ်သူပြည်သူများဖြင့် စည်ကားများပြားခဲ့သည်။

ယနေ့တွင် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ နံနက် ၈ နာရီမှ စတင်၍ ဌာနဆိုင်ရာယိမ်းအဖွဲ့များနှင့် တိုင်းရင်းသားအကအဖွဲ့များ၏ ကပြယှဉ်ပြိုင်မှုများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ တေးသံရှင်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)တို့မှ အနုပညာရှင်များက ပရိသတ်အကြိုက်တေးသီချင်းများဖြင့် မြူးမြူးကြွကြွ ဖျော်ဖြေကြကာ သင်္ကြန်ပွဲတော်လာပြည်သူများက လိုက်ပါသီဆိုကခုန်ကြရင်း သင်္ကြန်အကျနေ့ကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ထို့အတူ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ သင်္ကြန်မဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ရေကစားမဏ္ဍပ်တို့တွင် အတာရေသဘင်ပွဲတော် ဆင်နွှဲသူများ၊ ဖျော်ဖြေရေးမဏ္ဍပ်တွင် ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုကြသူများ၊ ရေမြှုပ်များဖြင့် ဆော့ကစားကြသူများနှင့် စားသောက်ဆိုင်တန်းတွင် အပန်းဖြေအနားယူစားသောက်ကြသူများဖြင့် ပြည့်နှက်စည်ကားခဲ့ပြီး တိုင်းဒေသကြီးအတွင်းမှ ခရိုင်၊ မြို့နယ်တို့ရှိ သင်္ကြန်မဏ္ဍပ်များနှင့် လမ်းလျှောက်သင်္ကြန်တို့တွင်လည်း အတာရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြသည့် ပြည်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ – ဇွဲမာန်**

# မန္တလေးမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်အကျနေ့တွင် ပြည်သူများ လမ်းလျှောက်သင်္ကြန် အားပါးတရပျော်ရွှင်စွာဆင်နွှဲ



မန္တလေး ဧပြီ ၁၄

ယနေ့ကျရောက်သည့် မြန်မာ့ရိုးရာမဟာသင်္ကြန် အကျနေ့ကို မန္တလေးမြို့ ကျုံးပတ်လည်တစ်လျှောက်ရှိ လမ်းလျှောက်သင်္ကြန်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ညွှန်းသည့် တိုင်းရင်းသားရိုးရာမဏ္ဍပ်များတွင် သင်္ကြန်ချစ်သူပြည်သူများသည် အားပါးတရ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

နံနက်ပိုင်းမှစတင်၍ တိုင်းရင်းသားရိုးရာ ရေကစားမဏ္ဍပ်များတွင် သင်္ကြန်ချစ်သူပြည်သူများသည် တိုင်းရင်းသား တိုင်းရင်းသူများ၏ ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုခြင်း၊ ရေကစားခြင်း၊ စတုဒိသာအဖြစ် ကျွေးမွေးသည့် ဒေသအစားအစာများကို သုံးဆောင်ခြင်းတို့ဖြင့် စည်ကားခဲ့သည်။

ထို့ပြင် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ နိုင်ငံကျော်အဆိုတော်များ၏ သီဆိုဖျော်ဖြေမှုများ၊ လုပျိုဖြူများ၏ ယိမ်းအကအလှများ၊ မြန်မာ့ဆိုင်းဝိုင်းအဖွဲ့၏ ရိုးရာတီးခတ်မှုများကို လာရောက်ကြည့်ရှုခံစားကြသည့် မန္တလေးဒေသခံများ၊ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ၊ ရေပက်ခံထွက်သူများ၊ လမ်းလျှောက်ရေကစားသူများဖြင့် စည်ကားပြည့်နှက်လျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ထူးခြားဆန်းသစ်စွာ ပုံဖော်တည်ဆောက်ထားသည့် ကျုံးပတ်လည်တစ်လျှောက်ရှိ သင်္ကြန်မဏ္ဍပ်များတွင် မိသားစုအလိုက်၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့အလိုက် လမ်းလျှောက်၍ အေးချမ်းပျော်ရွှင်စွာ ရေကစားကြရင်း သင်္ကြန်အကျနေ့ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြသည်။

အလားတူ (၇၃) လမ်းပေါ်ရှိ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်တွင် သနပ်ခါးဇုန်များ၊ ပန်းအလှဇုန်များကို အမြင်ဆန်းသစ်စွာ တွေ့မြင်ရပြီး မြန်မာ့ရိုးရာသနပ်ခါး၏ မွှေးပျံ့သောရနံ့များနှင့်အတူ ပန်းမျိုးစုံတို့ဖြင့် အလှဆင်ထားသောဇုန်များတွင် လည်ပတ်အပန်းဖြေကြသည့် လူငယ်လူရွယ်များ၊ မိသားစုများဖြင့် စည်ကားလျက်ရှိသည်။

ညနေပိုင်းတွင်လည်း မန္တလေး ကျုံးပတ်လည် တစ်လျှောက်ရှိ ဖျော်ဖြေရေးမဏ္ဍပ်များ၌ ယိမ်းအကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေမှုများကြောင့် လမ်းလျှောက်သင်္ကြန် ပါဝင်ဆင်နွှဲကြသည့် ပြည်သူများဖြင့် ပိုမိုစည်ကားခဲ့သည်။

အလားတူ မြို့နယ်၊ ရပ်ကွက်များအတွင်း ရေပက်ခံမဏ္ဍပ်ငယ်များ တည်ဆောက်၍ လူငယ်များ၊ ကလေးငယ်များ အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားခြင်း၊ တစ်နိုင်တစ်ပိုင်စုပေါင်း၍ စတုဒိသာကျွေးမွေး လှူဒါန်းခြင်းတို့ဖြင့် သင်္ကြန်အကျနေ့ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိသည်။

ထို့အတူ မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်သော အမရပူရမြို့နယ်ရှိ ဦးပိန်တံတားနှင့် တောင်သမန် မည်စည်လွင်ပြင်အပန်းဖြေ စခန်းတို့တွင်လည်း မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် အနယ်နယ်အရပ်ရပ်မှ လာရောက်၍ တောင်သမန်အင်းအတွင်း ငှက်လှေစီးခြင်း၊ ဦးပိန်တံတားကြီးပေါ် လမ်းလျှောက်ခြင်း၊ မည်စည်ပင်တန်းရှိရာ နေရာများ၊ ဒေသထွက်ကုန်များ ရောင်းချရာဆိုင်တန်းများ၌ တပျော်တပါးမှာယူ စားသောက်ခြင်းတို့ဖြင့် လည်ပတ်အပန်းဖြေ အနားယူကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် တောင်သမန် မည်စည်လွင်ပြင် အတွင်းရှိ ရေကစားမဏ္ဍပ်များတွင် အေးချမ်းပျော်ရွှင်စွာ ကခုန်သီဆိုကြရင်း သင်္ကြန်အကျနေ့ကို အားပါးတရ ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**☆ နေပြည်တော်မှ**

မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုကပြဖျော်ဖြေပေးကြပြီး သင်္ကြန်ချစ်ပြည်သူများက လိုက်ပါသီဆိုကခုန်ရင်း သင်္ကြန်အကျနေ့ကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

အလားတူ ဝန်ကြီးဌာနများအလိုက် မြန်မာ့ရိုးရာမဟာသင်္ကြန်ရေကစားမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်တို့တွင် လမ်းလျှောက်သင်္ကြန် လည်ပတ်ကြသူများကို မြန်မာ့ရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးကြရာ အားပါးတရ နှစ်ခြိုက်စွာ စုဝေးသုံးဆောင်ကြပြီး အစားအသောက်များ ရောင်းချသည့် ဆိုင်တန်းများတွင် စားသောက်ကုန်များ ပြတ်လပ်သည်အထိ ဝယ်ယူစားသုံးမှုများပြားခဲ့သည်။

နေပြည်တော် လမ်းလျှောက်သင်္ကြန်အတွင်း ပြည်သူများရေကစားနေစဉ် ကျန်းမာရေးကိစ္စ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ်ကုသစောင့်ရှောက်ပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများကိုလည်း ဖွင့်လှစ်ထားသည်။

ယနေ့ သင်္ကြန်အကျနေ့တွင် နေပြည်တော်ရှိ အများပြည်သူများ အနားယူအပန်းဖြေနိုင်သည့် ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်စသည့် နေရာများတွင် လည်ပတ်အနားယူအပန်းဖြေကြသည့် ပြည်သူများဖြင့် စည်ကားခဲ့ပြီး နေပြည်တော်အတွင်းရှိ ဘုရားစေတီများတွင်လည်း ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**မင်းကျော်စွာ**

**ဓာတ်ပုံ – ကျော်ကြီး၊ ဖိုးပြည့်စုံ**



# ကြည့်မြင်တိုင်မြို့နယ်၌ မဟာသင်္ကြန်ပွဲတော်အကျနေ့ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိ



ကြည့်မြင်တိုင် ဧပြီ ၁၄

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရေကစားကြသူများ၊ ရေပက်ခံထွက်ကြသူများဖြင့် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကြည့်မြင်တိုင်မြို့နယ် ပိတောက်ရွှေဝါမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်တို့တွင်လည်း ယိမ်းအကအလှများဖြင့် ကပြဖျော်ဖြေခြင်း၊ ရေကစားကြခြင်း၊ စတုဒိသာများကျွေးမွေးခြင်းဖြင့် မဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

ထိုသို့ဆင်နွှဲရာတွင် အလုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ကြည့်မြင်တိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးညီညီနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက ကြည့်ရှုအားပေးခဲ့ကြပြီး ကပြဖျော်ဖြေသည့် ယိမ်းအဖွဲ့များနှင့် သီဆိုဖျော်ဖြေကြသည့် အဆိုတော်များအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မဟာသင်္ကြန်

**သဒ္ဓမ္မဇောတိကဓဇ ဦးရန်နိုင်သိန်း**
အဖွဲ့ဝင်၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့

**'သင်္ကြန်'ဟူသည် သက္ကတဘာသာ 'သင်္ကရန္တိ'မှ ဆင်းသက်လာခြင်းဖြစ်ပြီး 'ကူးပြောင်းခြင်း'ဟု အဓိပ္ပာယ်ရသည်။ သက္ကရာဇ် ဦးခေါင်းပြောင်းခြင်း၊ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်း၊ တနင်္ဂနွေဂြိုဟ်(နေမင်း) မိန်ရာသီအဆုံးမှ မိဿရာသီအစသို့ ကူးပြောင်းခြင်း စသည်ဖြင့် သင်္ကြန်၏အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။**

နေသည် ကောင်းကင်ရှိ မိဿရာသီအစမှတ်မှ နေပတ်လမ်းကြောင်းတစ်လျှောက် ၁၂ ရာသီစက်ကို ၃၆၀ ဒီဂရီ တစ်ပတ်အပြည့်လှည့်ပတ်ရာကာလသည် တစ်နှစ်ပြည့်ချိန်ပင်ဖြစ်သည်။ သူရိယသိဒ္ဓန္တကျမ်းအရ ၃၆၅ ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်ခန့်တွင် နေသည် ရာသီစက်ကို ပျမ်းမျှနေသွားနှုန်းအားဖြင့် တစ်ပတ်ပတ်မိသည်။ မြန်မာပြက္ခဒိန်တွင် ယမန်နှစ် မဟာသင်္ကြန်အတက်နေ့ အတာတက်ချိန်မှ ယခုနှစ် မဟာသင်္ကြန်အတက်နေ့ အတာတက်ချိန်အကြား ၃၆၅ ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်ခန့် အစဉ်အမြဲကွာခြားသည်။

စင်စစ်အားဖြင့် နေသည် နာရီစက္ကန့်လက်တံကဲ့သို့ တချပ်ချပ်နှင့် ၁၂ ရာသီစက်ကို ပျမ်းမျှအသွားနှုန်းအတိုင်း ပုံသေသွားနေသည်မဟုတ်။ ရာသီစက်ဝန်း၏ အချို့နေရာများတွင် ပျမ်းမျှအသွားနှုန်းထက် ပို၍လျင်မြန်စွာသွားပြီး အချို့နေရာများတွင် ပျမ်းမျှနှုန်းထက် ပို၍နှေးသွားသည်။ မဟာသင်္ကြန်အတက်နေ့ အတာတက်ချိန်တွင် နေသည် ပျမ်းမျှနှုန်းအားဖြင့် မိန်ရာသီအဆုံးမှ မိဿရာသီအစသို့ ကူးပြောင်းသည်မှန်သော်လည်း ကောင်းကင်တွင် လက်တွေ့မျက်မြင်အားဖြင့် ကူးပြောင်းသောနေ့နှင့် အချိန်မှာ မဟာသင်္ကြန်အကျနေ့ သင်္ကြန်ကျချိန်ဖြစ်သည်။

တစ်နည်းဆိုသော် မဟာသင်္ကြန်အကျနေ့ သင်္ကြန်ကျချိန်တွင် နေသည် ကောင်းကင်ရှိ မိဿရာသီဦးအမှတ်နေရာသို့ကူးပြောင်းရောက်ရှိလာခြင်းဖြစ်သည်။ ယနေ့ကာလတွင် မဟာသင်္ကြန်အကျနေ့ သင်္ကြန်ကျချိန်မှ မဟာသင်္ကြန်အတက်နေ့ အတာတက်ချိန်အကြား ၂ ရက် ၄ နာရီ ၄ မိနစ်နှင့် ၄၁ စက္ကန့်ခန့် ကွာခြားသည်။ တစ်နည်းဆိုသော် ကောင်းကင်တွင် နေသည် မိဿရာသီ အစမှတ်သို့ အမှန်တကယ် ရောက်ရှိချိန်သည် ပျမ်းမျှနေရောက်ချိန်ထက် ၂ ရက် ၄ နာရီ ၄ မိနစ်နှင့် ၄၁ စက္ကန့်ခန့် စောကြောင်း သိရှိနိုင်သည်။

**"မဟာသင်္ကြန်ကာလများဖြစ်သည့် သင်္ကြန်အကျနေ့ရက်၊ သင်္ကြန်အကြတ်နေ့ရက်နှင့် သင်္ကြန်အတက်နေ့ရက်တို့သည် နှစ်ဟောင်း၏ အဆုံးနေ့ရက်များဖြစ်ကြ၍ သက္ကရာဇ်ဟောင်းနှင့်သာ တွဲဖက်၍သုံးစွဲကြသည်။ နှစ်ဆန်းတစ်ရက်နေ့သည် နှစ်သစ်၏ အဦးအစရက်ဖြစ်သောကြောင့် သက္ကရာဇ်သစ်နှင့် တွဲဖက်သုံးစွဲသည်။ ထို့အပြင် တန်ခူး သို့မဟုတ် ကဆုန်လသည် နှစ်ဆန်းတစ်ရက်မတိုင်မီဖြစ်ပါက နှောင်းတန်ခူး သို့မဟုတ် နှောင်းကဆုန်လအဖြစ် ရေးကြသည်။ တစ်ဖန် နှစ်ဆန်းတစ်ရက်မှစ၍ ဦးတန်ခူး သို့မဟုတ် ဦးကဆုန်ဟု ရေးသည်"**

အခြားသောပြက္ခဒိန်များတွင် ကောင်းကင်၌ နေသည် မိဿရာသီအစမှတ်သို့ အမှန်တကယ် ရောက်ရှိချိန်တွင် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကူးကြသော်လည်း မြန်မာပြက္ခဒိန်တွင်မူ သင်္ကြန်အကျနေ့အဖြစ်သာ သတ်မှတ်သုံးစွဲကြသည်။ နေမင်း ပျမ်းမျှအသွားနှုန်းအရ မိဿရာသီအစမှတ်သို့ ရောက်ရှိချိန် (မဟာသင်္ကြန်အတက်နေ့ အတာတက်ချိန်) အပြီး နောက်တစ်ရက်မှသာ နှစ်သစ်သို့ ရောက်ရှိခြင်းသည်လည်း မြန်မာတို့၏ ကိုယ်ပိုင်နှစ်သစ်ကူးပြောင်းပုံ ယဉ်ကျေးမှုပင် ဖြစ်သည်။

မဟာသင်္ကြန်အကျနေ့ သင်္ကြန်ကျချိန်နှင့် အတက်နေ့ အတာတက်ချိန်တို့အကြား ၂ ရက် ၄ နာရီ ၄ မိနစ်နှင့် ၄၁ စက္ကန့်ခန့် ကွာခြားသည်ဖြစ်ရာ သင်္ကြန်ကျချိန်ပေါ်မူတည်၍ အကြတ်ရက် ၁ ရက် သို့မဟုတ် ၂ ရက်ဖြစ်နိုင်သည်။ မဟာသင်္ကြန်ကျချိန်သည် မြန်မာစံတော်ချိန် ည ၇ နာရီ ၅၅ မိနစ် ၂၀ စက္ကန့်နှင့် ည ၁၂ နာရီအကြားဖြစ်လျှင် သင်္ကြန်အကြတ် ၂ ရက်ဖြစ်ပေါ်သည်။ သို့ဖြစ်၍ သင်္ကြန်အကြတ် ၂ ရက်ဖြစ်ခြင်းသည် ဝါထပ်ခြင်း၊ ရက်ငင်ခြင်းတို့ကြောင့်မဟုတ်ဘဲ သင်္ကြန်ကျချိန်နှင့်သာ သက်ဆိုင်ကြောင်း မှတ်သားရမည်ဖြစ်သည်။

မဟာသင်္ကြန်ကာလများဖြစ်သည့် သင်္ကြန်အကျနေ့ရက်၊ သင်္ကြန်အကြတ်နေ့ရက်နှင့် သင်္ကြန်အတက်နေ့ရက်တို့သည် နှစ်ဟောင်း၏ အဆုံးနေ့ရက်များဖြစ်ကြ၍ သက္ကရာဇ်ဟောင်းနှင့်သာ တွဲဖက်၍သုံးစွဲကြသည်။ နှစ်ဆန်းတစ်ရက်နေ့သည် နှစ်သစ်၏ အဦးအစရက်ဖြစ်သောကြောင့် သက္ကရာဇ်သစ်နှင့်တွဲဖက်သုံးစွဲသည်။ ထို့အပြင် တန်ခူး သို့မဟုတ် ကဆုန်လသည် နှစ်ဆန်းတစ်ရက်မတိုင်မီဖြစ်ပါက နှောင်းတန်ခူး သို့မဟုတ် နှောင်းကဆုန်လအဖြစ် ရေးကြသည်။ တစ်ဖန် နှစ်ဆန်းတစ်ရက်မှစ၍ ဦးတန်ခူး သို့မဟုတ် ဦးကဆုန်ဟု ရေးသည်။

ဥပမာအားဖြင့် ခရစ် ၂၀၂၆ ဧပြီ (၁၆)ရက် ကြာသပတေးနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နှောင်းကဆုန်လဆန်း (၁)ရက် မဟာသင်္ကြန်အတက်နေ့ဖြစ်သည်။ ခရစ် ၂၀၂၆ ဧပြီ (၁၇)ရက် သောကြာနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ဦးကဆုန်လဆန်း (၂)ရက် နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။

'အတာ'သည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ကူးပြောင်းချိန်ကို ခေါ်ဆိုသည်ဖြစ်ရာ ၁၃၈၇ ခုနှစ် အတာသင်္ကြန်သည် ၁၃၈၇ ခုနှစ် နှစ်ဟောင်းကုန်ဆုံး၍ ၁၃၈၈ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းသောကာလဟု အဓိပ္ပာယ်ဖွင့်ဆိုကြရမည် ဖြစ်ပါသည်။

## မဟာသင်္ကြန်အကျနေ့ အင်းလေးရေပေါ်သင်္ကြန် ရေလယ်ညှော့ခန်းမ ရေကစားမဏ္ဍပ်၌ ရေကစားသူများ၊ ခရီးသွားဧည့်သည်များ ပျော်ရွှင်စွာ ရေကစားလျက်ရှိ

ညောင်ရွှေ ဧပြီ ၁၄

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အင်းလေးရေပေါ်သင်္ကြန် ဒုတိယနေ့ (အကျနေ့)တွင် ခရီးသွားဧည့်သည်များ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



**သီဆိုဖျော်ဖြေ**

အင်းလေး ရေပေါ်သင်္ကြန် ဒုတိယနေ့တွင် ရေကစားမဏ္ဍပ်တည်ရှိရာ မိုင်းသောက်ကျေးရွာအနီးရှိ ရေလယ်ညှော့ခန်းမ ရေကစားမဏ္ဍပ်၌ နံနက် ၉ နာရီမှစတင်၍ ခရီးသွားဧည့်သည်များ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ရေလယ်ညှော့ခန်းမ မဏ္ဍပ်ပေါ်တွင်လည်း ယိမ်းအကအဖွဲ့များ၊ ဒေသခံတေးသံရှင်များ၊ ဧည့်သည်တေးသံရှင်များက တေးသံသာများဖြင့် ကပြသီဆိုဖျော်ဖြေကြသည်။

အင်းလေး ရေပေါ်သင်္ကြန်တွင် ရေကစားသူများသည် စက်လှေများပေါ်မှလည်းကောင်း၊ ရေကစားမဏ္ဍပ်ပေါ်မှ လည်းကောင်း သတ်မှတ်ထားရာနေရာများမှနေ၍ အေးချမ်းပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။

အင်းလေးဒေသသည် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာ နေရာဒေသ တစ်ခုဖြစ်သည်နှင့်အညီ အင်းလေးရေပေါ်သင်္ကြန်ပွဲတော်ကို ခရီးသွားလုပ်ငန်း မြှင့်တင်ရေး အစီအစဉ်အဖြစ် ယခုနှစ်တွင် စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## ဆီဆိုင်မြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် (အကျနေ့) ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲ

ဆီဆိုင် ဧပြီ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်(အကျနေ့)တွင် ယနေ့နံနက်ပိုင်းက ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိကြသည်။

ဆီဆိုင်မြို့တွင် မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ရိုးရာအစဉ်အလာမပျက် ကျင်းပလျက်ရှိရာ ရေပက်ခံထွက်သူများ၊ ရေပက်သူများဖြင့် စည်ကားလျက်ရှိပြီး အထက(ဆီဆိုင်) ကျောင်းရှေ့ ဆီဆိုင်-လွိုင်ကော် ပြည်ထောင်စုလမ်းမကြီးဘေး၌ ရပ်ကွက်အလိုက် ရေကစားမဏ္ဍပ်ထားရှိခြင်း၊ စတုဒိသာဧည့်ခံကျွေးမွေးခြင်း၊ မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ခြင်းတို့ဖြင့် သင်္ကြန်ချစ်သူ ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## အိမ်မဲမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော် ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲ




အိမ်မဲ ဧပြီ ၁၄

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့၌ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မဟာသင်္ကြန် အကြိုနေ့တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဗဟိုမဏ္ဍပ်ရှေ့၌ ယမန်နေ့ ညနေ ၄ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်ပြီး မဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ အိမ်မဲမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ယင်းနောက် အိမ်မဲမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ယိမ်းအဖွဲ့များအား အတာရေပက်ဖျန်းပေးခဲ့ကြကြောင်း သိရသည်။ **အိမ်မဲ(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့၌ လမ်းလျှောက်သင်္ကြန်ပွဲတော် ဖွင့်လှစ်

**မြစ်ကြီးနား ဧပြီ ၁၄**

မြစ်ကြီးနားမြို့၌ ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်ပွဲတော်ဖွင့်ပွဲကို ယနေ့သင်္ကြန်အကျနေ့ နံနက် ၉ နာရီက လမ်းလျှောက်သင်္ကြန်ကျင်းပသည့် ဆွမ်ပရာဘွမ်လမ်းမပေါ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ယိမ်းအကအဖွဲ့များ၊ ဒေသခံပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့်လူမှုရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ တက်ရောက်လာကြသည့် ယိမ်းအဖွဲ့များ၊ ပြည်နယ်၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒေသခံပြည်သူများအား အတာရေအေးဖြင့် ပက်ဖျန်းပေးကြပြီး ယိမ်းအကဖြင့် ကပြဖျော်ဖြေခြင်း၊ မြန်မာ့သနပ်ခါးမဏ္ဍပ်၌ နံ့သာလိမ်းခြယ်ပေးခြင်း၊



စတုဒိသာမဏ္ဍပ်များ၌ မြန်မာ့ရိုးရာလက်ဖက်၊ ထမနဲ၊ မုန့်လုံးရေပေါ် စသည့်သင်္ကြန်အစားအစာများ ဧည့်ခံကျွေးမွေးခြင်း၊ လောင်းလှေကြီးများတွင် ရေပက်ကစားခြင်းတို့ကို ကြည့်ရှုအားပေးပြီး လမ်းလျှောက်သင်္ကြန်ကို သင်္ကြန်ချစ်သူ ပြည်သူများနှင့်အတူ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်သို့ သွားရောက်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့်ဇနီး၊ တပ်နယ်မိသားစုဝင်များနှင့်အတူ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မဏ္ဍပ်၌ ယိမ်းအကအလှများဖြင့် သီဆိုဖျော်ဖြေမှု၊ တေးသံရှင်များ၏ ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ယိမ်းအကအဖွဲ့များအတွက် ချီးမြှင့်ငွေများ ပေးအပ်ကာ တပ်နယ်မိသားစုများနှင့်အတူ အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ဆက်လက်၍ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်)၏ ရေသဘင်မဏ္ဍပ်နှင့် မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် မိသားစုရေသဘင်မဏ္ဍပ်တို့ကို သွားရောက်ရာ တပ်နယ်မိသားစုများ၏ ယိမ်းအကအလှများဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများကို ပေးအပ်ကာ တပ်နယ်မိသားစုများနှင့်အတူ အတာရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မင်းရပ်ရပ်ကွက်အတွင်းရှိ ပြည်သူ့အားကစားကွင်း၌ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ကျင်းပသည့် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ယင်းနောက် မြစ်ကြီးနားမြို့ ဧရာဝတီရှုခင်းသာ အပန်းဖြေစခန်းအတွင်း လမ်းလျှောက်သင်္ကြန်ပွဲတော်အဖြစ် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနေမှုကို ကြည့်ရှုအားပေးပြီး လမ်းလျှောက်သင်္ကြန်နှင့်အတူ ဧရာဝတီမြစ်၌ ပြည်သူများရေကစားရာတွင် အန္တရာယ်မရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည့် လူမှုကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှု၊ ခေတ်ပေါ်တေးသီချင်းအကအလှများဖြင့် ကပြသီဆိုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ချီးမြှင့်ငွေများကို ပေးအပ်သည်။

အဆိုပါ ဗဟိုမဏ္ဍပ်ရှေ့ရှိ စတုဒိသာမဏ္ဍပ်များတွင် သင်္ကြန်လည်ပတ်သူပြည်သူများအား ဧည့်ခံကျွေးမွေးလျက်ရှိသည့်အတွက် လာရောက်သုံးဆောင်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်များတွင် မဏ္ဍပ်ငယ်များဖြင့် ရေပက်ကစားသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# စစ်တွေမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲနှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲ ကျင်းပ

**စစ်တွေ ဧပြီ ၁၄**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲနှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲကို ယမန်နေ့ညနေပိုင်းက စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှေ့ ဗဟိုမဏ္ဍပ်နှင့် လမ်းမကြီးတို့၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်ဇနီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ထက်စန္ဒာကျော်၊ ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ ရခိုင်ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ဇနီးများ၊ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ ယိမ်းအကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီ



ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦးက ရခိုင်ပြည်နယ်တွင်လည်း မြန်မာနှစ်သစ်ကူးပြောင်းခြင်း အထိမ်းအမှတ်အဖြစ် သင်္ကြန်ပွဲတော်ကို တစ်မျိုးတစ်ဘာသာထူးခြားစွာ ကျင်းပခဲ့ကြပြီး ရိုးရာဓလေ့သင်္ကြန်ပွဲတော်သည် သိမ်မွေ့ခြင်း၊ ထူးခြားခြင်း၊ ထင်ရှားခြင်းစသည့် အင်္ဂါရပ်များကို ဖော်ကျူးထားသော ပွဲတော်ဖြစ်သည့်အတွက် ရခိုင်ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်ကို အစဉ်အလာမပျက် နှစ်စဉ်နှစ်တိုင်းကျင်းပကာ ထိန်းသိမ်းစောင့်ရှောက်ကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်ဇနီး၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ထက်စန္ဒာကျော်၊ ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူများက မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် ယဉ်ကျေးမှုယိမ်းအကအဖွဲ့များက ပျို့အလှနန့်ခါသင်္ကြန်တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ယိမ်းအကအဖွဲ့များနှင့် မဏ္ဍပ်ဖွင့်ပွဲသို့ တက်ရောက် လာကြသူများအား သပြေခက်ဖြင့် ရေပက်ဖျန်းပေးကြသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ လမ်းမကြီး၌ကျင်းပသည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန် မုခ်ဦးအား ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်ဇနီး၊ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့ နာယက ဒေါ်ထက်စန္ဒာကျော်၊ ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် ယဉ်ကျေးမှုယိမ်းအကအဖွဲ့များက မန်းတောင်ရိပ်ခို တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်ပွဲအား ပြည်သူများနှင့်အတူ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် စတုဒိသာမဏ္ဍပ်များနှင့် သနပ်ခါးမဏ္ဍပ်သို့ လှည့်လည်ကြည့်ရှုအားပေးကြပြီး ဗဟိုမဏ္ဍပ်၌ ရခိုင်အဆိုတော်များ၊ တေးသံရှင်များနှင့် ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် ဗဟိုမဏ္ဍပ်ဖွင့်ပွဲတွင် ကပြဖျော်ဖြေပေးကြသော ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့ပြင် ယမန်နေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေတပ်နယ်၌ ကျင်းပသည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲသို့ တက်ရောက် အားပေးကြသည်။ ဦးစွာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (စစ်တွေ) ဒေသကွပ်ကဲရေးမှူးက နှစ်သစ်ကူး ဆုတောင်းစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စစ်တွေတပ်နယ် မဏ္ဍပ်နှင့် လမ်းလျှောက် သင်္ကြန်မဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ်၌ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ ကျင်းပ

**ဟိုပုံး ဧပြီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေပိုင်းက သီရိမင်္ဂလာသာသနာ့ဗိမာန်ရှေ့ ဟိုပုံးမြို့ မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အမှာစကားပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးခွန်ရဲထွေး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အတွင်းရေးမှူး ဦးမျိုးအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေတို့က မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ ယှဉ်ပြိုင်နေမှု၊ အထက(၁)ယိမ်းအဖွဲ့နှင့် ထွေ/အုပ်ကလေးငယ်များက ကပြဖျော်ဖြေမှုနှင့် အဆိုဝါသနာရှင်များ၏ တေးသီချင်းဖျော်ဖြေပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ဟိုပုံးမြို့နယ်၌ လက်ဖက်သင်္ကြန်နှင့် သနပ်ခါးသင်္ကြန်တို့ကို ထည့်သွင်းကျင်းပခဲ့ကြကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



# ပဲခူးမြို့၌ သင်္ကြန်အကျနေ့ အထူးစည်ကားလျက်ရှိ



**ပဲခူး မေ ၁၄**

ပဲခူးမြို့ ဆေးရုံဟောင်းလမ်းပေါ်ရှိ ဗဟိုမဏ္ဍပ်၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာ့ရိုးရာမဟာသင်္ကြန်အကျနေ့ကို ယနေ့နံနက်ပိုင်းမှစတင်ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့သည် ပြည်သူများနှင့်အတူ ရေသဘင်ပွဲ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဗဟိုမဏ္ဍပ်၌ နိုင်ငံကျော် သရုပ်ဆောင်တေးသံရှင်များနှင့် ဌာနဆိုင်ရာ ယိမ်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စုတို့မှ ယိမ်းအဖွဲ့များ၏ ဧည့်ခံဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့နယ် ၂၈ မြို့နယ်ရှိဗဟိုမဏ္ဍပ်များ၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နိုင်ငံကျော်သရုပ်ဆောင်တေးသံရှင်များနှင့် DJ တီးခတ်ဖျော်ဖြေမှု၊ သင်္ကြန်ပွဲလာဧည့်ပရိသတ်များ၏ ပျော်ရွှင်စွာ ရေသဘင်ပွဲ ပါဝင်ဆင်နွှဲနေမှု၊ မြူးကြွလှပသော ယိမ်းအကအဖွဲ့များ၏ သီဆိုကပြမှုများ၊ အေးမြလန်းဆန်းမှုပေးသည့် လမ်းလျှောက်သင်္ကြန်နှင့်အတူ စေတနာရှင်ပြည်သူများက စတုဒိသာကျွေးမွေးလှူဒါန်းမှုတို့ဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် သင်္ကြန်အကျနေ့တွင် ပြည်သူများ ပျော်ရွှင်စွာရေကစားနေမှု ကြည့်ရှုအားပေး

**ပုသိမ် မေ ၁၄**

ယနေ့ကျရောက်သည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် သင်္ကြန်အကျနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ်းနားလမ်းတစ်လျှောက်ရှိ ဗဟိုမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်အပါအဝင် ဌာနဆိုင်ရာများနှင့် ရပ်ကွက်များမှ မဏ္ဍပ်များ၌ ရေပက်ခံထွက်သူများ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပုသိမ်မြို့ပေါ်ရှိ ရေကစားမဏ္ဍပ်များသို့ သွားရောက်၍ ပြည်သူများ ပျော်ရွှင်စွာ ရေကစားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့ ကန်သုံးဆင့်ပန်းခြံလူပျိုတို့ရွာ ရေကစားမဏ္ဍပ်သို့ သွားရောက်၍ ဖျော်ဖြေရေးအဖွဲ့၊ ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများနှင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ လာရောက်ရေကစားနေမှုကို ကြည့်ရှုအားပေးပြီး ဖျော်ဖြေရေးအဖွဲ့နှင့် ယိမ်းအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ ပြည်သူများကို ချစ်ကြည်ရင်းနှီးစွာ အတာရေပက်ဖျန်းပေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် လမ်းလျှောက်သင်္ကြန်အပါအဝင် ဌာနဆိုင်ရာ မဏ္ဍပ်များ၊ ရပ်ကွက်မဏ္ဍပ်များ၊ သနပ်ခါးမဏ္ဍပ်၊ ဟာလဝါမဏ္ဍပ်၊ ထမနဲမဏ္ဍပ်၊ လက်ဖက်မဏ္ဍပ်တို့ကို ထည့်သွင်းကျင်းပလျက်ရှိသည်။



ထို့ပြင် ဖျော်ဖြေရေးယိမ်းအဖွဲ့၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၏ ယိမ်းအကများ၊ နိုင်ငံကျော်တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုအစီအစဉ်များလည်း ပါဝင်ပြီး အေးချမ်းပျော်ရွှင်စွာ လာရောက်ရေကစားကြသည့် ပြည်သူများအား သင်္ကြန်ရက်များအတွင်း စတုဒိသာများဖြင့် နေ့စဉ်ကျွေးမွေးဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အကျနေ့သို့ တက်ရောက်

**ဟားခါး မေ ၁၄**

ချင်းပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကျနေ့ကို ယနေ့နံနက် ၉ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ချင်းပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အကျနေ့သို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ဇနီးနှင့် မိသားစုဝင်များ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးမြတ်စံ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ၎င်းတို့ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယိမ်းအဖွဲ့များ တက်ရောက်ကြပြီး ယိမ်းအကအဖွဲ့များက ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများအားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများက ဧည့်သည်တော်များအားလည်းကောင်း အတာသင်္ကြန်ရေကို မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်မာ့ရိုးရာလက်ဖက်ပွဲနှင့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့သရုပ်ဖော်မှုများကို ကြည့်ရှုအားပေးပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမင်းရွှေစင်၊ ပိတောက်ပျိုမေ၊ သင်္ကြန်ပန်းကလေးများ၊ ယိမ်းလှပျို၊ ပိတောက်နတ်သမီး၊ ရွှေဖူးဝါ၊ မိညိုမြနှင့် ရွှေငုဝါမေ ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုနှင့် တစ်ကိုယ်တော် သီဆိုကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးပြီး ချင်းပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကျနေ့သို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအား စတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တောင်ကြီးမြို့ ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန် အေးချမ်းပျော်ရွှင်စွာဆင်နွှဲနေမှု ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**တောင်ကြီး မေ ၁၄**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ သင်္ကြန်အကျနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ပြည်နယ်လွှတ်တော်အနီးရှိ ဗဟိုမဏ္ဍပ်၌ တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်ယိမ်းအကအဖွဲ့များမှ ပြိုင်ပွဲဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ပြိုင်ပွဲဝင်ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆုငွေချီးမြှင့်ပေးသည်။

တောင်ကြီးမြို့၌ သင်္ကြန်အကျနေ့တွင် စည်ကားသိုက်မြိုက်အေးချမ်းစွာ ပြည်သူများနှင့်အတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ လမ်းလျှောက်သင်္ကြန်ကို ပါဝင်ဆင်နွှဲပေးကြပြီး ဗိုလ်ချုပ်ပန်းခြံရှေ့ရှိ ပိတောက်မေမဏ္ဍပ်နှင့် စိုက်ပျိုးရေးရုံးရှိ ရွှေပိတောက်မဏ္ဍပ်တို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကပြဖျော်ဖြေပေးကြသော ယိမ်းအကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ဘားအံမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်အကျနေ့ ရေကစားကြသူများဖြင့် စည်ကား

ဘားအံ ဧပြီ ၁၄

ကရင်ပြည်နယ် ဘားအံမြို့၏ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကျနေ့ ဧပြီ ၁၄ ရက်တွင် ဘားအံမြို့ ကမ်းနားလမ်း တစ်လျှောက်ရှိ ဝန်ကြီးဌာနရေကစားမဏ္ဍပ်များနှင့် ရပ်ကွက်အလိုက်ရေကစားမဏ္ဍပ်များ၊ စတုဒိသာ မဏ္ဍပ်များ၊ နန်းဖော့အွာသဲသောင်ပြင်သင်္ကြန်နှင့် လမ်းလျှောက်သင်္ကြန်တို့တွင် ရေပက်ကစားကြသူ များ၊ ရေပက်ခံထွက်သူများနှင့် အထူးစည်ကားလျက် ရှိရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ပေါ် ရေကစားမဏ္ဍပ်များ၌ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့်အတူ မဟာသင်္ကြန် ပွဲတော်ကို ပါဝင်ဆင်နွှဲကြသည်။



မဟာသင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကို၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီး ချုပ် ဦးညွန့်လင်း၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သည် ဘားအံမြို့ သီရိကွင်းရှိ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်တွင် သင်္ကြန်ယိမ်းအကအဖွဲ့များ၊ တစ်ပင်တိုင်အကများ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး အောင်သပြေခက်ဖြင့် အတာရေအေးပက်ဖျန်း၍ ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်ကာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက နှင့် အဖွဲ့ဝင်များက မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုသနပ်ခါးမဏ္ဍပ်တွင် အပြန်အလှန်သနပ်ခါးများ လိမ်းခြယ်ပေး၍ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြ သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များသည် ဘားအံမြို့ ကမ်းနားလမ်းတစ်လျှောက်ရှိ ပိတောက်ပွင့်သစ်အမှတ်(၂)မဏ္ဍပ်၊ ဖားစည်မြေ မြန်မာ့ရိုးရာမဟာသင်္ကြန်ရေကစားမဏ္ဍပ်၊ ပိတောက် အချစ်ဆုံးအမှတ်(၃)မဏ္ဍပ်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မဟာသင်္ကြန် မဏ္ဍပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန မဟာသင်္ကြန်မဏ္ဍပ်၊ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်တို့တွင် သင်္ကြန်ယိမ်း အကလှပျိုဖြူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှု အားပေးကာ အတာရေအေးပက်ဖျန်းပေးကြပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါမဏ္ဍပ်များတွင် ရေကစားကြသူများနှင့်အတူ ရေပက်ခံထွက်ကြသူများအား အတာရေအေး ပက်ဖျန်း၍ ရေပက်ခံထွက်ကြသူများအား စတုဒိသာ မုန့်လက်ဆောင်း၊ ရွှေရင်အေး အစရှိသော သင်္ကြန်စာ များကို ဝေငှပေးခဲ့ကြပြီး The Peace Band၊ DJ တို့ နှင့်တွဲဖက်၍ နိုင်ငံကျော်တေးသံရှင် အစ္စဏီ၊ D ဖြိုး၊ ရိုဇယ်(လ်)လီ၊ Verry၊ Thaw Thaw၊ Leo၊ Saw Thar Cho၊ DJ Mavis၊ DJ Uniqu3 တို့၏ တေးဂီတ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြကာ ဂုဏ်ပြု ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် လမ်းလျှောက်သင်္ကြန် ကြည့်ရှုအားပေး

မုံရွာ ဧပြီ ၁၄

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးနှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီး များနှင့် ဇနီးများ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့ သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ ဗိုလ်ချုပ်လမ်းမကြီး ပေါ်ရှိ ကန်သာယာကန်အနီးရှိ လမ်းလျှောက် သင်္ကြန်သို့ သွားရောက် ကြည့်ရှုအားပေးကြ သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်ဇနီးနှင့်အဖွဲ့သည် လမ်းလျှောက် သင်္ကြန်ကျင်းပသည့် ရွှေသလ္လာ နှစ်သစ်မဏ္ဍပ်၊ ရွှေပိတောက်ပျိုမေ မဏ္ဍပ်၊ လျှပ်စစ်/စွမ်းအင်/ လမ်းပန်း ဆက်သွယ်ရေးမဏ္ဍပ်၊ ချင်းတွင်း ပိတောက်မဏ္ဍပ်နှင့် ဗဟိုမဏ္ဍပ်တို့ သို့သွားရောက်၍ ယိမ်းလှပျိုဖြူများ နှင့် နိုင်ငံကျော်အဆိုတော်များ၏ တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေမှု၊ မြို့နေပြည်သူများ တပျော်တပါး ပါဝင်ဆင်နွှဲနေမှုကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အရှေ့ဘက် ကန်သာယာကန်ရှိ ပြည်ထောင်စု ရင်ပြင်၌ လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ လာရောက် ပါဝင်ဆင်နွှဲကြသည့် မြို့နေပြည်သူများအား ထမင်း နှင့်ဟင်းများ စတုဒိသာကျွေးမွေး နေမှုများ၊ ဌာနဆိုင်ရာမဏ္ဍပ်များ အလိုက် စတုဒိသာကျွေးနေမှုများ ကို ကြည့်ရှုကြပြီး မြို့နေပြည်သူ များအား ရင်းရင်းနှီးနှီး နှုတ်ဆက် ကြသည်။

ယင်းနောက် ပြည်ထောင်စု ရင်ပြင်၌ ကျင်းပသည့် ဌာနဆိုင်ရာ များ စုပေါင်းထမနဲထိုးပွဲသို့ ရောက်ရှိရာ ထမနဲထိုးရန် ပါဝင် ပစ္စည်းများ ကြိုတင်ပြင်ဆင်ထား ရှိမှုများနှင့် ပျော်ရွှင်စွာ ထမနဲထိုး နေမှုများကို မြို့နေပြည်သူများ နှင့်အတူ တပျော်တပါး စုပေါင်း အားပေးကြပြီး တာဝန်ရှိသူများနှင့် အတူ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို မင်းဘူးမြို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ တက်ရောက်

မင်းဘူး ဧပြီ ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူး မြို့၌ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန် ရေသဘင်ပွဲတော် လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်း အနားကို ဧပြီ ၁၃ ရက် ညနေပိုင်း က မင်းပူးဦးသြဘာသ မြို့နယ် ခန်းမရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပ သည်။

ဖွင့်ပွဲအခမ်းအနားတွင် မကွေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုက နှစ်သစ်ကူးမင်္ဂလာ နှုတ်ခွန်းဆက်စကား ပြောကြား ပြီး တာဝန်ရှိသူများက မြန်မာ့ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ရေသဘင်ပွဲတော် ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး နိုင်ငံကျော် တေးသံရှင်များ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ များနှင့် ဖျော်ဖြေရေးအဖွဲ့များက သင်္ကြန် တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များအား အတာရေဖြင့် ပက်ဖျန်းပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ လမ်းလျှောက်သင်္ကြန် မဏ္ဍပ်အတွင်း ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ နေမှုများကို ကြည့်ရှုအားပေး သည်။

မင်းဘူးမြို့၌ ဗဟိုမဏ္ဍပ်တွင် ဌာနဆိုင်ရာများနှင့် မြို့ပေါ် ရပ်ကွက်များမှ ပြိုင်ပွဲယိမ်းအဖွဲ့ ကိုးဖွဲ့နှင့် တစ်ပင်တိုင်အက ၁၂ ဦး အပါဝင် နိုင်ငံကျော်တေးသံရှင် များ၊ ဖျော်ဖြေရေးအဖွဲ့များက ခေတ်ပေါ်တေးဂီတများဖြင့် မဟာ သင်္ကြန်အတက်နေ့အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ် ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# မွန်ပြည်နယ်အတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်အကျနေ့ အေးချမ်းပျော်ရွှင်စွာဆင်နွှဲ

မော်လမြိုင် ဧပြီ ၁၄

မွန်ပြည်နယ် မြန်မာရိုးရာမဟာသင်္ကြန်ပွဲတော် သင်္ကြန်အကျနေ့ကို ပြည်နယ်အတွင်းရှိ မြို့နယ် အသီးသီးတွင် အေးချမ်းပျော်ရွှင်စွာ ဆင်ယင်ကျင်းပ လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ရှိ ဗဟိုမဏ္ဍပ်တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနေမှု၊ သင်္ကြန်ယိမ်းအဖွဲ့များနှင့် တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုကပြယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ကြ သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များက စတုဒိသာအဖြစ် မြန်မာ့ရိုးရာအစားအစာနှင့် အခြားစားသောက်ဖွယ်ရာများ ကျွေးမွေးလှူဒါန်းပြီး လာရောက်စားသုံးကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အလားတူ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် အသီးသီးတွင် ပြည်သူများသည် သင်္ကြန်အကျနေ့ကို လမ်းလျှောက်သင်္ကြန်များ၌ ရေကစားခြင်း၊ စတုဒိတာ ကျွေးမွေးခြင်းတို့ဖြင့် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲ လျက်ရှိကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ကျိုင်းတုံမြို့၌ တုံဂပူရီ(သို့မဟုတ်) ခေမာရဋ္ဌဒေသရှိ ရှမ်းမျိုးနွယ်စုများ၏ (၆၁၅)ကြိမ်မြောက် ရိုးရာမဟာသင်္ကြန် မင်္ဂလာစည်တော်တင်ခြင်းနှင့် ပို့ဆောင်ပွဲ ကျင်းပ



**နေပြည်တော် ဧပြီ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသဖြစ်သည့် တုံဂပူရီ(သို့မဟုတ်) ခေမာရဋ္ဌဒေသရှိ ရှမ်းမျိုးနွယ်စုများ၏ (၆၁၅)ကြိမ်မြောက် ရိုးရာမဟာသင်္ကြန် မင်္ဂလာစည်တော်တင်ခြင်းနှင့် ပို့ဆောင်ပွဲကို ဧပြီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက်ရှိ မဟာခနန်ပန်းခြံ၌ ကျင်းပရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များ၊ စေတနာရှင် အလှူရှင်များ၊ ဒေသခံရှမ်း၊ လွယ်လ၊ အာခါ၊ လားဟူလူမျိုးများ တက်ရောက်ကြသည်။

ဦးစွာ "နန္ဒဘေးရီ" အမည်ရှိ စည်တော်အား စင်ပေါ်သို့ တင်ဆောင်ရာတွင် တုံဂပူရီ(သို့မဟုတ်) ခေမာရဋ္ဌဒေသရှိ ရှမ်းမျိုးနွယ်စုယဉ်ကျေးမှုအဖွဲ့ဝင်များက "နှစ်သစ်မင်္ဂလာ" တေးသီချင်းဖြင့် သီဆို၍ ဖွင့်လှစ်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အလှူငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး အမှတ်တရလက်ဆောင်များပြန်လည် ဂါရဝပြုပေးအပ်သည်။ ယင်းနောက် တာဝန်ရှိသူများက စည်တော်နှင့်စပ်လျဉ်း၍ ရိုးရာဓလေ့ အမေးအဖြေများပြုလုပ်ကြပြီး စည်တော်ကို စင်ပေါ်သို့ တင်မြှောက်ကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက စည်တော်အား(၇)ချက်စီ တီး၍ ဆုမွန်ကောင်းတောင်းခြင်း၊ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း ဆောင်ရွက်ပြီး ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒေသခံ တိုင်းရင်းသားများနှင့်အတူ စည်တော်ကို မဟာခနန်ပန်းခြံမှ ကျိုင်းတုံမြို့ နမ့်ခင်ရေချောင်းသို့ ပို့ဆောင်ကြသည်။

ယခုပွဲတော်ကို ကျိုင်းတုံမြို့နယ် တုံဂပူရီ (သို့မဟုတ်)ခေမာရဋ္ဌဒေသရှိ ရှမ်းမျိုးနွယ်စုတို့၏ ဘိုးစဉ်ဘောင်ဆက် ဓလေ့ထုံးစံအရ ဘေးအန္တရာယ်ဟူသမျှ ကင်းစင်ပပျောက်စေခြင်း၊ ပြည်သူ ပြည်သားများ ကြံ့ခိုင်ကျန်းမာစေခြင်းနှင့် မိုးရွာသွန်းမှု ပုံမှန်ရရှိစေပြီး ဆန်ရေစပါးပေါကြွယ်ဝစေခြင်းတို့အတွက် ရည်ရွယ်ကျင်းပလာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရေးမြို့နယ်၌ မဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရေး ဧပြီ ၁၄**

မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်က မွန်ပြည်နယ် ရေးမြို့နယ် ရန်မျိုးအောင်ရပ်ကွက် မြကန်သာကျုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးကျော်သန့်နိုင်၊ ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ(ခေတ္တ)ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဇင်လတ်၊ (ခေတ္တ)ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ ရေးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် ရပ်မိရပ်ဖ ဦးညွန့်ဆွေတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တာဝန်ရှိသူများသည် ဖျော်ဖြေရေး ယိမ်းအဖွဲ့ တစ်ဖွဲ့လျှင် ဆုတော်ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ယိမ်းအဖွဲ့၁၄ ဖွဲ့အား ဆုများချီးမြှင့်ပေးအပ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒေသခံပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။ ရေးမြို့နယ်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ဗဟိုမဏ္ဍပ် (ဖျော်ဖြေရေး)၊ ရေကစားမဏ္ဍပ်များအပြင် စတုဒိသာမဏ္ဍပ်များဖြင့် ဧည့်ခံကျွေးမွေးခြင်းကို မဟာသင်္ကြန်အကြိုနေ့မှ မဟာသင်္ကြန်အတက်နေ့အထိ ကုသိုလ်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

# နမ့်စန်မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နမ့်စန် ဧပြီ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို သင်္ကြန်အကြိုနေ့ ယမန်နေ့ ညနေ ၃နာရီက အမှတ်(၂) ရပ်ကွက် မြို့နယ်ခန်းမရှေ့ရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဦးစွာ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တပ်နယ်မှ တာဝန်ရှိသူများ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ ဟိုမိန်းဌာနေပြည်သူ့စစ် ဥက္ကဋ္ဌ ဦးမဟာဂျာနှင့် မြို့မိမြို့ဖ ဦးစိုင်းလိတ်တို့က လမ်းလျှောက်သင်္ကြန်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းလျှောက်သင်္ကြန်အတွင်း ပြည်သူများရေကစားနေမှုနှင့် ကော်ဖီသင်္ကြန်၊ လက်ဖက်သင်္ကြန်၊ မုန့်လုံးရေပေါ်သင်္ကြန်များနှင့် စတုဒိသာကျွေးမွေးနေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့သည်။

ဆက်လက်၍ဗမာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ယိမ်းအကအဖွဲ့များက မြူမှောင်ဝေကင်း သီချင်းဖြင့် သီဆိုကပြဖျော်ဖြေပြီး ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဖျော်ဖြေရေး အဖွဲ့များအား သပြေခက်ဖြင့် အတာရေများ လိုက်လံပက်ဖျန်းကြသည်။

ထို့နောက် နမ့်စန်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် သင်္ကြန်ယိမ်းအကအဖွဲ့များက ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေကြပြီး တာဝန်ရှိသူများက ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

# လမ်းမတော်မြို့နယ် သင်္ကြန်မင်းသားစတုဒိသာမဏ္ဍပ်၌ မဟာသင်္ကြန်ပွဲတော်အကျနေ့ ကျင်းပ



**ရန်ကုန် ဧပြီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်အတွင်း မဟာသင်္ကြန်အကျနေ့ မြန်မာ့ရိုးရာ အစဉ်အလာမပျက် ရေကစားခြင်းနှင့် စတုဒိသာအာဟာရကျွေးမွေးခြင်းများကို ယနေ့နံနက်ပိုင်းက အမှတ် ၆ ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် ၁၃ လမ်းထောင့်ရှိ သင်္ကြန်မင်းသားစတုဒိသာ မဏ္ဍပ်၌ ကျင်းပသည်။

**စည်ကားလျက်ရှိ**

အဆိုပါမဏ္ဍပ်တွင် မုန့်လုံးရေပေါ်နှင့် ရွှေရင်ရေးစတုဒိသာဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ရေပက်ဖျန်းခြင်း၊ ရပ်ကွက်နေပြည်သူများ ရေကစားခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ စတုဒိသာအာဟာရကျွေးမွေးနေမှုနှင့် ရေကစားနေမှုတို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းမြတ်ကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းမိသားစုဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ မဟာသင်္ကြန်အကျနေ့တွင် ရေကစားခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကား

**ရန်ကုန် ဧပြီ ၁၄**

ရန်ကုန်တိုင်း ဒေသကြီး ဗိုလ်တထောင်မြို့နယ်အတွင်း မဟာသင်္ကြန် အကျနေ့တွင် ရေကစားခြင်းနှင့် စတုဒိသာ အာဟာရ ကျွေးမွေးခြင်းများကို မင်္ဂလာတောင်ညွန့် မြို့နယ် သိမ်ဖြူ လမ်းထောင့်နှင့် ကန်တော်ကြီးပတ်လမ်းမကြီးရှိ ခရိုင်ဗဟိုမဏ္ဍပ်နှင့် ခရိုင်စတုဒိသာ မဏ္ဍပ်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာ့ရိုးရာ အစဉ်အလာမပျက် သပြေခက်များ၊ ပြည်သူများအား အမွှေးနံ့သာတို့ဖြင့် ပက်ဖျန်း၍ ဆုမွန်ကောင်း တောင်းပေးကြသည်။

ယင်းနောက် ခရိုင်ဗဟိုမဏ္ဍပ်တွင် ဗိုလ်တထောင်မြို့နယ် ယိမ်းအဖွဲ့နှင့် တောင်ဥက္ကလာပ မြို့နယ် ယိမ်းအဖွဲ့များက ကပြဖျော်ဖြေသည်။ ထို့ပြင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများက မဟာသင်္ကြန် စတုဒိသာ ရေကစားမဏ္ဍပ်၌ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ရေသဘင်ပွဲလာရောက် ပါဝင်ဆင်နွှဲကြသူ ပြည်သူများအား မြန်မာ့သနပ်ခါး လိမ်းခြယ်ပေးခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**



# တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာမဟာသင်္ကြန်အကျနေ့ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပဆင်နွှဲ

နေပြည်တော် ဧပြီ ၁၄

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်မှ ၁၃၈၈ ခုနှစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကျနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစား မဏ္ဍပ်များ၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မြန်မာမှု မြန်မာ့ဟန်၊ မြန်မာရိုးရာယဉ်ကျေးမှုအစဉ် အလာများနှင့်အညီ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ အတာရေသဘင်ပွဲဆင်နွှဲသူများဖြင့် စည်ကား သိုက်မြိုက်စွာ ဆက်လက်ဆင်နွှဲလျက်ရှိသည်။

ထိုသို့ ယနေ့တွင်ကျရောက်သည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်အကျနေ့ကို ဆက်လက်ဆင်နွှဲလျက် ရှိရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် စုပေါင်းအတာ ရေသဘင်မဏ္ဍပ်၌လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ် ဌာနချုပ် မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာအတာသင်္ကြန် ဗဟိုမဏ္ဍပ်၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ် ဌာနချုပ် နှစ်ဦးအားမာန် နေဝန်းနီသင်္ကြန် အတာ ရေကစားမဏ္ဍပ်၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ရွှေနေကြာသင်္ကြန်မဏ္ဍပ်၌လည်း ကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဗဟို မဏ္ဍပ်၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံမိသားစု မဟာသင်္ကြန်မဏ္ဍပ်၌လည်းကောင်း၊



အရှေ့တောင်တိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာ မဟာ အတာသင်္ကြန်ရေကစားမဏ္ဍပ်၌ လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ပုလဲရွှေပြည် ရေကစားမဏ္ဍပ်၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ် ဌာနချုပ် မိသားစုမဟာသင်္ကြန်ရေသဘင်ပွဲတော် မဏ္ဍပ်၌လည်းကောင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်ဗဟိုမဏ္ဍပ်၌လည်းကောင်း၊ စစ်တွေမြို့ရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌လည်းကောင်း၊ အနောက် မြောက်တိုင်းစစ်ဌာနချုပ် ဗဟိုမဏ္ဍပ်၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့သူဖျော်ဖြေရေး မဏ္ဍပ်၊ မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် မင်္ဂလာမန္တလေးမဟာသင်္ကြန်မဏ္ဍပ်တို့၌ လည်း ကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်၌လည်း ကောင်း၊ တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ လည်းကောင်း အတာရေသဘင်ပွဲများ ဆက်လက် ဆင်နွှဲကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ အတာသင်္ကြန်ယိမ်းအကအဖွဲ့များ၏ ယှဉ်ပြိုင်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ အတာသင်္ကြန်မဏ္ဍပ်များ၌ မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ကျင်းပရာ ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ သပြေခက်များဖြင့် အတာသင်္ကြန်ရေ ပက်ဖြန်းပေး ပြီး မြန်မာ့ရိုးရာအတာသင်္ကြန်ကို ပါဝင်ဆင်နွှဲကြ သည်။

ထို့ပြင် ရေသဘင်ဆင်နွှဲကြသူများအား စတုဒိသာ အကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ပျော်ရွှင် စွာရေပက်ကစားခြင်းတို့ဖြင့် အတာရေသဘင်ပွဲတော် ကို ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သင်္ကြန်အကျနေ့ မကွေးမြို့လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိ

မကွေး ဧပြီ ၁၄

မြန်မာနိုင်ငံ၏ အလယ်ပိုင်းရှိ မကွေးမြို့တွင် ပြည်သူများ ကိုယ်စိတ်နှလုံး ပျော်ရွှင်အေးချမ်း စွာ ရေကစားနိုင်ရန် လမ်းလျှောက် မဟာသင်္ကြန် အတာရေသဘင်ပွဲ ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ပြည်သူတို့သည် နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေ ဖြင့်ဆေးကြောရင်း မကွေးမြို့ လမ်းလျှောက် သင်္ကြန်တွင် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ လျက်ရှိပြီး ဗဟိုမဏ္ဍပ်နှင့် ဝန်ကြီး ဌာနမဏ္ဍပ်များတွင် သင်္ကြန်ယိမ်း အဖွဲ့များကလည်း သင်္ကြန် တေးသီချင်းများဖြင့် ကပြဖျော်ဖြေ ခြင်း၊ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ ခဲ့ကြသည်။ မြန်မာ့ရိုးရာယဉ်ကျေး မှု လမ်းလျှောက်သင်္ကြန်ပွဲတော် တွင် မြန်မာ့ရိုးရာသနပ်ခါး လိမ်းခြယ်နိုင်ရန် စီစဉ်ဆောင်ရွက် ပေးထားကြောင်းနှင့် မဟာသင်္ကြန် ကာလအတွင်း ပြည်သူများ အေးချမ်းစွာ ရေကစားနိုင်ပြီး စတုဒိသာ အကျွေးအမွေးများကို လည်း ဌာနဆိုင်ရာများနှင့် အလှူ ရှင်ပြည်သူများမှ သင်္ကြန်ကာလ တစ်လျှောက် ကျွေးမွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် မကွေးမြို့ လမ်း လျှောက်သင်္ကြန်သို့ လာရောက် ပါဝင်ဆင်နွှဲကြသည့် ပြည်သူ ၁၅၀၀၀ ကျော်ရှိကြောင်း သိရ သည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**





# တောင်ကြီးမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်အကျနေ့ လမ်းလျှောက်သင်္ကြန်တွင် ပြည်သူများ ပျော်ရွှင်စွာရေကစားလျက်ရှိ

တောင်ကြီး ဧပြီ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ်၌ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာ သင်္ကြန်အကျနေ့ဖြစ်သည့် ယနေ့နံနက် ၈ နာရီခွဲ မှစတင်၍ ပြည်သူများ ပျော်ရွှင်စွာ ရေပက်ကစား လျက်ရှိကြပြီး မြန်မာ့ရိုးရာလမ်းလျှောက်သင်္ကြန်၊ သနပ်ခါးသင်္ကြန်နှင့် ကော်ဖီသင်္ကြန်များ ထည့်သွင်း ကျင်းပရာတွင်လည်း ရေပက်ကစားကြသူများ၊ စတုဒိသာကျွေးမွေးကြသူများဖြင့် စည်ကားလျက်ရှိ သည်။

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ကို ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်တွင် မြန်မာ့ရိုးရာလမ်းလျှောက်သင်္ကြန်၊ မြန်မာ့ရိုးရာ ထမနဲ သင်္ကြန်၊ သနပ်ခါးသင်္ကြန်နှင့် ကော်ဖီသင်္ကြန်များ ထည့်သွင်းကျင်းပခြင်း၊ ယိမ်းအကအလှများဖြင့် ကပြ ဖျော်ဖြေခြင်း၊ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ ခြင်းများအပြင် သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက် နေ့အထိ မိသားစုရေကစားမဏ္ဍပ်အပါအဝင် မြို့နယ် တွင်းရှိ နေရာအနှံ့အပြားတွင် စတုဒိသာများ ကျွေးမွေး ဧည့်ခံခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ မည်ဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ကျိုက်ထိုခရိုင်တွင် မြန်မာ့ရိုးရာလမ်းလျှောက်သင်္ကြန်ပွဲတော် ဖွင့်ပွဲကျင်းပ

ကျိုက်ထို ဧပြီ ၁၄

မွန်ပြည်နယ် ကျိုက်ထိုခရိုင် တွင် မြန်မာ့ရိုးရာလမ်းလျှောက် သင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကို ဧပြီ ၁၃ ရက် ညနေပိုင်းတွင် ကျိုက်ထိုမြို့ မြို့နယ်ခန်းမရှေ့၌ ကျင်းပသည်။



**ဖွင့်လှစ်**

ဦးစွာ လမ်းလျှောက်သင်္ကြန် ပွဲတော်ဖွင့်ပွဲကို ကျိုက်ထိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးကံစောလှိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်စွာဦး၊ မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးအောင်ကိုဦးနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှု ဆောင်အရာရှိ ဦးကိုကိုနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့် ဝန်ထမ်းများ၊ မိသားစုများ အား စတုဒိသာများဖြင့် ဧည့်ခံ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ မဟာသင်္ကြန်အကျနေ့တွင် ပျော်ရွှင်စွာရေကစားသူများဖြင့် စည်ကားလျက်ရှိ

အုတ်တွင်း ဧပြီ ၁၄

ပဲခူးတိုင်းဒေသကြီး အုတ်တွင်း မြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကို ရိုးရာယဉ်ကျေးမှုအစဉ်လာနှင့် အညီ ထိန်းသိမ်းစောင့်ရှောက်နိုင် စေရန် သင်္ကြန်အကျနေ့ ယနေ့ နံနက်တွင် ဗဟိုမဏ္ဍပ်နှင့် ရပ်ကွက်များအတွင်း၌ ပျော်ရွှင် စွာ ရေကစားသူများဖြင့် စည်ကား စွာ ကျင်းပသည်။

သင်္ကြန်အကျနေ့တွင် ယိမ်းအဖွဲ့ များက သင်္ကြန်သီချင်း၊ ခေတ်ပေါ် တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေလျက်ရှိပြီး ဌာနဆိုင်ရာ များ၊ ရပ်ကွက်များအတွင်း အလှူ ရှင်များကလည်း စတုဒိသာများ ကျွေးမွေးခြင်းနှင့် လမ်းလျှောက် သင်္ကြန်နှင့် ရပ်ကွက်အလိုက် ပျော်ရွှင်စွာ ရေကစားသူများ စည်ကားလျက်ရှိကြောင်း သိရ သည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ဘွိုင်လာပေါက်ကွဲမှုဖြစ်



နယူးဒေလီ ဧပြီ ၁၄

အိန္ဒိယနိုင်ငံ ချာတစ်ဂက်ပြည်နယ်၌ တည်ရှိသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ တစ်ရုံတွင် ဧပြီ ၁၄ ရက်က ဘွိုင်လာအိုးပေါက်ကွဲမှုဖြစ်ခဲ့ရာ အနည်းဆုံး ၁၀ ဦးသေဆုံးပြီး ၄၀ ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသန္တရမီဒီယာကပြောကြားသည်။ ချာတစ်ဂက်ပြည်နယ် အရှေ့မြောက်ပိုင်း ၂၈ ကီလိုမီတာအကွာရှိ ဆက်တီခရိုင် ဆင်ဟီတာယီရွာရှိ ဗီဒန်တာလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် အဆိုပါဖြစ်ရပ်ဖြစ်ပွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အလုပ်သမားအချို့ပိတ်မိနေကြောင်း သိရသည်။

ဒဏ်ရာရရှိသူများသည် စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း သိရသည်။ ပေါက်ကွဲမှုဖြစ်ပြီးနောက် မီးသတ်၊ အရေးပေါ်ကယ်ဆယ်ရေးနှင့် ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများသည် အခင်းဖြစ်နေရာသို့သွားရောက်ခဲ့သည်။ အလုပ်သမားများ နေ့လယ်စာ စားသောက်သည့်အချိန် မွန်းလွဲ ၂ နာရီခွဲတွင် ယခုဖြစ်ရပ်ဖြစ်ပွားခြင်းဖြစ်သည်။ မီးခိုးလုံးများတက်လာသည်ကို ရုပ်မြင်သံကြားများမှ ထုတ်လွှင့်ပြသခဲ့သည်။ အိန္ဒိယနိုင်ငံတွင် စက်ရုံလုပ်ငန်းဆောင်ရွက်သူများ၏ လုပ်ငန်းခွင်အန္တရာယ်ကင်းရေး စည်းမျဉ်းများ လိုက်နာဆောင်ရွက်မှုမရှိခြင်းကြောင့် မတော်တဆမှုများ ဖြစ်ပွားလေ့ရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# တူကီယဲနိုင်ငံအရှေ့တောင်ပိုင်းရှိ ကျောင်းတစ်ကျောင်း၌ ပစ်ခတ်မှုဖြစ်




အန်ကာရာ ဧပြီ ၁၄

တူကီယဲနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကျောင်းတစ်ကျောင်း၌ ဧပြီ ၁၄ ရက်တွင် ကျောင်းသားဟောင်းတစ်ဦးက သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့သဖြင့် ကျောင်းသား အနည်းဆုံး ၁၆ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသခံ သတင်းမီဒီယာက ပြောကြားသည်။ နိုင်ငံအရှေ့တောင်ပိုင်း ဆန်လီဖာပြည်နယ် ဆီဗီရက်ခရိုင်ရှိ အာမတ်ကိုယန်ကူ သက်မွေးဝမ်းကျောင်း အတတ်ပညာ အထက်တန်းကျောင်းတွင် ယခုပစ်ခတ်မှုဖြစ်ပွားခြင်းဖြစ်သည်။

၎င်းသည် ကျောင်းစကြံတစ်လျှောက်ရှိလမ်းလျှောက်နေသူများကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီးနောက် မိမိကိုယ်ကို အဆုံးစီရင်ခဲ့သည်။ ၎င်းသည် ယခင်က ပြစ်မှုမှတ်တမ်းဟောင်းရှိသူ မဟုတ်ကြောင်း ဆန်လီဖာပြည်နယ် အုပ်ချုပ်ရေးမှူး ဟက်ဆန် ဆီဒတ်က ပြောကြားသည်။ ဖြစ်စဉ်ကြောင့် ကျောင်းသား ၁၀ ဦး၊ ဆရာလေးဦး၊ ကော်ဖီဆိုင်ဝန်ထမ်း တစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင် တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ယခုကဲ့သို့ကြုံတောင့်ကြုံခဲဖြစ်ရပ်ကြောင့် ကျောင်းသားများ၏ လုံခြုံရေးကို ကြီးမားစွာ ထိခိုက်မှုမရှိသော်လည်း ဖြစ်စဉ်ကို အသေးစိတ်စစ်ဆေးမည်ဟု ၎င်းက ပြောကြားသည်။ ကျောင်းသားများအား ယခုဖြစ်စဉ်ကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရခြင်း မရှိစေရေးအတွက် ဆွေးနွေးခြင်းများ ဆောင်ရွက်မည်ဖြစ်သဖြင့် ကျောင်းသားများကို လေးရက်ကြာ ပညာသင်ကြားမှု ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဆာလီဖာပြည်နယ် ပညာရေးညွှန်ကြားရေးမှူး အဆန် ဆူတန်နိုလူက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်၌ လျှပ်စစ်ကားအားသွင်းရုံများ အများအပြားတည်ထောင်မည်

ဆစ်ဒနီ ဧပြီ ၁၄

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်၌ လျှပ်စစ်ကားအားသွင်းရုံများ အများအပြား တည်ထောင်မည်ဖြစ်ကြောင်း ပြည်နယ်အစိုးရက ဧပြီ ၁၄ ရက်တွင် ပြောကြားသည်။

လျှပ်စစ်ကား ဝယ်ယူမှုများပြားလာပြီးနောက် ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ပြည်နယ်အတွင်း ယခုနှစ် ဆောင်ရွက်မည့် လျှပ်စစ်ကားမဟာဗျူဟာအရ လျှပ်စစ်ကားများအတွက် ရန်ပုံငွေ ဩစတြေးလျဒေါ်လာသန်း ၁၀၀ ချမှတ်ခဲ့ပြီး ၎င်းရန်ပုံငွေများတွင် လျှပ်စစ်ကားအားဖြည့်ရုံ တည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက်လည်း အကျုံးဝင်ကြောင်း သိရသည်။ လာမည့်ငါးနှစ်အတွင်း ပြည်နယ်တွင် လျှပ်စစ်ကားစီးရေ တစ်ထောင် ထုတ်လုပ်ရေး ဆောင်ရွက်မည်ဖြစ်ပြီး ၎င်းလျှပ်စစ်ကားများအတွက် လျှပ်စစ်အားဖြည့်ရုံများ လိုအပ်မည်ဖြစ်သည်။

အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် လောင်စာဆီဈေးနှုန်း မြင့်လာခြင်းဖြစ်သဖြင့် ပြည်နယ်အတွင်း လျှပ်စစ်ကားများ အများအပြား ထုတ်လုပ်လာခဲ့သည်။ ပြည်နယ်အတွင်းရှိ ဒေသခံများသည် လောင်စာဆီရှားပါးမှုကြောင့်အခက်အခဲများရှိနေပြီး ၎င်းအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် လျှပ်စစ်ကားဝယ်ယူရေးကို နည်းလမ်းတစ်ခုအဖြစ် ဆောင်ကြဉ်းခဲ့ကြောင်း နယူးဆောက်ဝေးပြည်နယ်ဝန်ကြီးချုပ် ခရစ်မင်က ပြောကြားသည်။ ထို့ပြင် ပြည်နယ်အတွင်းရှိလုပ်ငန်းသုံးယာဉ်များကို လျှပ်စစ်ယာဉ်အဖြစ် ပြောင်းလဲလိုသည့် လုပ်ငန်းများနှင့် လျှပ်စစ်ကားဆိုင်ရာ ဝန်ထမ်းများအား လိုအပ်သည်များ ဆောင်ရွက်ပေးမည်ဟု သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# မြောင်းမြ၌ မဟာသင်္ကြန်အကျနေ့ ရေကစားသူများဖြင့် စည်ကား

မြောင်းမြ ဧပြီ ၁၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မဟာသင်္ကြန်ရေကစားမဏ္ဍပ်၌ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မဟာသင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် တေးသီချင်းဖျော်ဖြေရေးများ၊ ယိမ်းအကများ၊ ရေကစားသူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ရေသဘင်ပွဲ ဆင်နွှဲနေကြသော ပြည်သူများ၊ ရေပက်ခံထွက်လာကြသူများ၊ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား စတုဒိသာအဖြစ် ဌာနဆိုင်ရာများက ကျွေးမွေးဧည့်ခံပြီး အတာရေပက်ဖျန်းကစားကြသူများ၊ သင်္ကြန်ချစ်သူ ပြည်သူများက အတာရေသဘင်လမ်းလျှောက်သင်္ကြန်ပွဲကို အေးချမ်းပျော်ရွှင်စွာ ရေကစားကာ စည်ကားလျက်ရှိသည်။

မြောင်းမြမြို့ မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင် မြောင်းမြမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများက ပြည်သူများ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲ ပျော်ရွှင်စွာဆင်နွှဲနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဆိပ်ဖြူမြို့နယ်၌ သင်္ကြန်အကျနေ့ အေးချမ်းပျော်ရွှင်စွာ ရေပက်ကစား

ဆိပ်ဖြူ ဧပြီ ၁၄

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် သင်္ကြန်အကျနေ့ ဧပြီ ၁၄ ရက်က စတုဒိသာကုသိုလ်ပြုသူများနှင့် ယောချောင်းနှင့် မြို့အတွင်း၌ အေးချမ်းပျော်ရွှင်စွာ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

## စည်ကားလျက်ရှိ

ဆိပ်ဖြူမြို့နယ်၌ သင်္ကြန်အကျနေ့တွင် ဒေသခံပြည်သူများက စိတ်အေးချမ်းပျော်ရွှင်စွာဖြင့် ရွှေဆိပ်ဖြူ ယောချောင်းလမ်းလျှောက်သင်္ကြန်နှင့် မြို့ပေါ်ရပ်ကွက်များအတွင်း ရေပက်ကစားခြင်းကိုလည်းကောင်း၊ တေးဂီတဖျော်ဖြေခြင်း၊ ရေကစားသူများနှင့် ဒေသခံပြည်သူများအား စတုဒိသာထမင်း၊ မုန့်များနှင့် စားသောက်ဖွယ်ရာများကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်အသီးသီးမှ အလှူရှင်များက ကုသိုလ်ပြု ကျွေးမွေးခြင်းတို့ဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



**ကိုဖွဲ့(အညာမြေ)**



# ကျောက်တံခါးမြို့နယ်၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေး ဟောပြော

ကျောက်တံခါး ဧပြီ ၁၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မင်းတန်းကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများသည် ဧပြီ ၁၁ ရက်က မင်းတန်းကျေးရွာရှိ ပြည်သူများအား အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေး အသိပေးနှိုးဆော်ချက်

၂၀၁၆ ခုနှစ် ရိုးရာအတာသင်္ကြန်ပွဲတော်တွင် မိဘပြည်သူများ ကျန်းမာရေးနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြနိုင်ရေး အောက်ဖော်ပြပါ ကျန်းမာရေးအသိပေးချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အပူဒဏ်အန္တရာယ်မှကာကွယ်ရန်အတွက် နေ့လယ်ပိုင်း နေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့် နေရာများတွင် နားနေပါ။ အပြင်ထွက်ပါက (ထီး၊ ဦးထုပ် စသည်) တို့ကို အသုံးပြုပါ။ ရေဓာတ်ခန်းခြောက်မှုမှကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏသောက်ပါ။ အရက်သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ် ပိုမိုပြင်းထန်စွာ ခံစားရနိုင်သည်ကို အထူးသတိပြုပါ။

(ခ) ရေမှတစ်ဆင့်ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကစားရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုနိုင်ရေးဆောင်ရွက်ပါ။ ရေကစားရာတွင် အသုံးပြုသောရေကို သောက်ခြင်းမပြုသင့်ပါ။ ရေကစားရာတွင် မျက်လုံး၊ နား၊ ပါးစပ်ထဲသို့ ရေများ မဝင်အောင် သတိပြုပါ။ ဖိအားမြင့် အားပြင်းသည့်ရေပန်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဂ) ထိခိုက်ဒဏ်ရာနှင့် မတော်တဆမှုများကာကွယ်ရန်အတွက် စိုစွတ်လျက်ရှိသော လမ်းများတွင် ချော်လဲနိုင်၍ သတိထားပါ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပါ။ အရက်သေစာသောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ။

(ဃ) တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်ရန် လက်များကို မကြာခဏဆေးကြောပါ။ လတ်ဆတ်ပြီး သန့်ရှင်းသော အစားအစာများကိုသာ စားသုံးပါ။ အစားအသောက် ရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြုဆောင်ရွက်ပါ။ အစားအစာများကို ယင်နားခြင်းနှင့် အခြားအညစ်အကြေးများ မဝင်ရောက်နိုင်ရန် စနစ်တကျဖုံးအုပ်ပါ။

(င) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆက်သွယ်၍ ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

## ရန်ကင်းမြို့နယ်၌ ရန်ကင်းပိတောက်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ ကျင်းပ



ရန်ကင်း ဧပြီ ၁၄

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ရန်ကင်းပိတောက်ရွှေဝါ ရေသဘင်မဏ္ဍပ် လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက အမှတ်(၂) ရပ်ကွက် ရန်အောင်(၆)လမ်းထိပ် ရန်ကင်းပိတောက် ရေသဘင် မဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ ရန်ကင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့် အဖွဲ့ဝင်များ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁)၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်(၂)နှင့် မြို့မိမြို့ဖတို့က မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ရန်ကင်း ပိတောက်ရေသဘင်မဏ္ဍပ် လမ်းလျှောက်သင်္ကြန်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ယိမ်းအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပြီး ယိမ်းအကအလှများ၊ ခေတ်ပေါ် တေးဂီတများနှင့် ဖျော်ဖြေခြင်း၊ ပေါင်မုန့်အုန်းနို့ဆမ်း စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)



## ခရမ်းမြို့နယ်၌ ပိတောက်ရိပ်ရေသဘင် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

ခရမ်း ဧပြီ ၁၄

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် "ပိတောက်ရိပ်ရေသဘင် လမ်းလျှောက်သင်္ကြန်" ဖွင့်ပွဲကို ယမန်နေ့ညနေပိုင်းက ကျောင်းသစ်ကျောင်း မင်္ဂလာကန်ဘေးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ခရမ်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲက "ပိတောက်ရိပ်ရေသဘင် လမ်းလျှောက်သင်္ကြန်" ဖွင့်ပွဲအခမ်းအနားကို စတင်ကြောင်းကြေညာပြီး နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထက်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးသိန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူး ကျော်စိုးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် ကပြဖျော်ဖြေကြပြီး တာဝန်ရှိသူများက ယိမ်းအဖွဲ့များအား အမွှေးနံ့သာရည်များဖြင့် လိုက်လံပက်ဖျန်းပေးခဲ့ကြသည်။ ဆက်လက်၍သင်္ကြန်ယိမ်းအကများဖြင့် ကပြဖျော်ဖြေခြင်း၊ စတိတ်ရှိုးတေးဂီတဖျော်ဖြေခြင်း၊ ရေကစားခြင်းတို့ဖြင့် မဟာသင်္ကြန်ဇာတိမဏ္ဍပ်ဖွင့်ပွဲအား ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ကိုမင်း(ခရမ်း)

## ပြည်မြို့ ဇာတိမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်၌ ရေကစားသူများ စည်ကားများပြား



ပြည် ဧပြီ ၁၄

၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်(အကျနေ့) ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ ဇာတိမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်၌ ရေကစားသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ဇာတိမဏ္ဍပ်၌ ရေကစားသူများအား တေးသံရှင်များ၏ တေးသီချင်းသီဆိုဖျော်ဖြေမှုများ၊ ဌာနဆိုင်ရာနှင့် မြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၏ အဖွဲ့လိုက်ကပြဖျော်ဖြေမှုများအပါအဝင် မုန့်လုံးရေပေါ်နှင့် ကျောက်ကျောရွှေရင်အေး အစရှိသည့် ရိုးရာအစားအစာများဖြင့် စတုဒိသာဧည့်ခံကျွေးမွေးကြသည်။

အလားတူပြည်မြို့ လမ်းလျှောက်သင်္ကြန်၌လာရောက်ရေကစားသူများအား မြန်မာ့ရိုးရာသနပ်ခါးမဏ္ဍပ်မှ သနပ်ခါးလိမ်းကျံပေးခြင်း၊ လက်ဖက်မဏ္ဍပ်မှ ရိုးရာလက်ဖက်သုပ်များ ကျွေးမွေးဧည့်ခံခြင်းတို့ဖြင့် လမ်းလျှောက်သင်္ကြန်အား တစ်မူထူးခြားစွာ ကျင်းပဆင်နွှဲလျက်ရှိပြီး ယနေ့ မဟာသင်္ကြန်(အကျနေ့)တွင် ပြည်မြို့ ဇာတိမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်၌ ရေကစားသူများဖြင့် အထူးစည်ကားများပြားလျက်ရှိကာ ရေကစားသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအပါအဝင် ဘေးအန္တရာယ်ကင်းရှင်းပြီး အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည်များဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

## ကျောက်မဲမြို့၌ မြန်မာ့ရိုးရာအတာသင်္ကြန် ဇာတိမဏ္ဍပ်ဖွင့်ပွဲ ကျင်းပ



ကျောက်မဲ ဧပြီ ၁၄

ကျောက်မဲမြို့တွင် မြန်မာ့ရိုးရာ မဟာအတာသင်္ကြန် ဇာတိမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့ကျက်သရေဆောင်ခန်းမရှေ့ရှိ မဟာသင်္ကြန် ဇာတိမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက နှစ်သစ်နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် ဟိန်းထက်နောင်နှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြန်မာ့ရိုးရာ မဟာအတာသင်္ကြန် ရေကစားမဏ္ဍပ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် "မြူမှုန်ဝေကင်း" သီချင်းဖြင့် ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်ခဲ့ကြပြီး ဒေသခံယိမ်းအဖွဲ့များက မြန်မာ့ရိုးရာ ယိမ်းအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

အလားတူ အမှတ်(၁) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ရှိ သင်္ကြန်မဏ္ဍပ်ကိုလည်း ယနေ့မွန်းလွဲပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## ပေါင်မြို့နယ်၌ လမ်းလျှောက်သင်္ကြန်ပွဲတော် ဇာတိမဏ္ဍပ်ဖွင့်ပွဲကျင်းပ



ပေါင် ဧပြီ ၁၄

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မြန်မာ့ရိုးရာ ယဉ်ကျေးမှု လမ်းလျှောက် သင်္ကြန်ပွဲတော် ဇာတိမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် ညနေပိုင်းက ဇင်းကျိုက်မြို့ ဇင်းကျိုက်ကန်ဘေးပတ်လမ်းရှိ ဇာတိမဏ္ဍပ်၌ ကျင်းပသည်။

ဦးစွာ တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပေါင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် နိုင်ဗိုလ်ဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ယိမ်းအကအဖွဲ့များက "မန်းတောင်ရိပ်ခို"တေးသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် တာဝန်ရှိသူများက သပြေခက်ဖြင့် ရေပက်ဖျန်းကြကာ လမ်းလျှောက်သင်္ကြန်အား စတင်ဖွင့်လှစ်သည်။

လမ်းလျှောက်သင်္ကြန် မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများနှင့် ဧည့်သည်တော်များအား ယိမ်းအကအလှများ၊ ခေတ်ပေါ် တေးဂီတများနှင့် ဖျော်ဖြေခြင်း၊ စတုဒိသာအအေးနှင့် မုန့်များ ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။ မွန်မလေး(ပြန်/ဆက်)

# ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကျင်းပမှုမြင်ကွင်း



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေပိုင်းက (၉) လမ်းထိပ်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန္ဒာအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၊ မြောင်းမြခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးသောင်းထိုက်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဇေယျာ(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အေးချမ်းခြင်းမြို့တော် ဖျော်ဖြေရေးမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်မဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်နှင့် သနပ်ခါးမဏ္ဍပ်များ ဖွင့်ပွဲအခမ်းအနားများကို ဧပြီ ၁၃ ရက် ညနေပိုင်းတွင် ဗဟန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးရုံးရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အောင်မြင့်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက် ညနေပိုင်းက မြို့သစ်ရပ်ကွက် ဗိုလ်ချုပ်ပန်းခြံရှေ့၌ ကျင်းပရာ ကော့မှူးမြို့နယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇင်ဟိန်း၊ အင်းစိန်မြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းထွန်းနိုင်၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်း၊ မြို့မိမြို့ဖ ဦးတင်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ယိမ်းအဖွဲ့များက ဖျော်ဖြေစဉ်။

ကျော်သူရ(ကော့မှူး)

အလုံခရိုင်နှင့် ကြည့်မြင်တိုင်မြို့နယ် ပိတောက်ရွှေဝါမြန်မာ့ရိုးရာ မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက် ညနေပိုင်းက ကြည့်မြင်တိုင်မြို့နယ် ဗားကရာလမ်းမ [အ ထ က (၁)ကျောင်းရှေ့] တွင် ပြုလုပ်ရာ အလုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်း၊ ခရိုင်အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း၊ ကြည့်မြင်တိုင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးညီညီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

ကြည့်မြင်တိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန် မဏ္ဍပ်နှင့် စတုဒိသာမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် ညနေပိုင်းက ဘိုကလေးဈေးလမ်းတွင် ကျင်းပစဉ်။ ခင်ဝင်း(ပြန်/ဆက်)



ရှမ်းပြည်နယ် (မြောက်ပိုင်း)မူဆယ်မြို့တွင် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် ရွှေလီမြစ်ကမ်းဘေးရှိ ဗဟိုမဏ္ဍပ်တွင် ဧပြီ ၁၃ ရက် နံနက်ပိုင်းက ကျင်းပရာ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံဘက်မှ တာဝန်ရှိသူများက ပွဲတော်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

ခရိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက် ညနေပိုင်းက မြန်အောင်မြို့ ပြည်သူ့ရင်ပြင် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ရှေ့၌ ကျင်းပရာ မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ ဝင်းဗိုလ်(ပြန်/ဆက်)





ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် မွန်းလွဲပိုင်းက လသာမြို့နယ် လသာလမ်းပေါ်ရှိ "ရွှေလသာလမ်းလျှောက်သင်္ကြန်မဏ္ဍပ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ကျောက်တံတားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ နေလင်း(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အတာနွေဦးရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် ညနေပိုင်းက ကျင်းပရာ အင်းတိုင်တပ်နယ်မှူး ဗိုလ်မှူးကြီးအောင်ထက်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ အိရွှေစင်လတ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေပိုင်းက အမှတ်(၃)ရပ်ကွက်ရှိ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောမျိုးသီဟတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော်ဖွင့်ပွဲကို ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့) မွန်းလွဲပိုင်းက ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက် မြို့မလမ်းရှိ လမ်းလျှောက်သင်္ကြန်မဏ္ဍပ်မုခ်ဦးရှေ့၌ ကျင်းပစဉ်။ ဘာမီသာ(ပခုက္ကူ)

# ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကျင်းပမှုမြင်ကွင်း



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေပိုင်းက နန်းတော်ကုန်းရပ်ကွက်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မဟာသင်္ကြန်ပွဲတော်ကို တပ်မတော်အရာရှိကြီးများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

ချမ်းသာ (မိတ္ထီလာ)



ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲ အခမ်းအနားကို ကျုံပျော်မြို့ နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ဧပြီ ၁၃ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရန်နိုင်ဝင်း၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ညီညီအောင်နှင့် အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ခင်မောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် (မဟာသင်္ကြန်အကြိုနေ့) ဗဟိုရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ဗဟိုရေကစားမဏ္ဍပ်၌ ကျင်းပစဉ်။

ခင်စန္ဒာမြင့်(ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော် ဖွင့်ပွဲကို ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့ညနေပိုင်းက ဆိပ်ကမ်းသာပန်းခြံ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးမင်းသူ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြူနိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သူ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဌေး၊ ကော့သောင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်တို့က ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။

ခရိုင်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး သာစည်မြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက် ညနေပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနီးရှိ ရွှေသာစည် ဗဟိုမဏ္ဍပ်ရှေ့၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ကြူကြူမော်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးလွင်မျိုးထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်၊ ကော်မတီဝင် ဗိုလ်မှူးတေဇာမြင့်နှင့် ဦးစိုးဝင်းအောင်တို့က မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

မြို့နယ်(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့သင်္ကြန်မဏ္ဍပ်၌ ဧပြီ ၁၄ ရက် မဟာသင်္ကြန်အကျနေ့တွင် မြို့ပေါ်ရှိပြည်သူများနှင့် ကျေးရွာမှ ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

မြို့နယ်(ပြန်/ဆက်)





ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန် ခရိုင်အဆင့် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်ညနေပိုင်းက ပါရမီလမ်းရှိ ပိတောက်ရနံ့မဏ္ဍပ်၌ ကျင်းပစဉ်။

သက်လွင်စိုး(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတောက်ရွှေရည်မဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ရက် ညနေပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့၌ ကျင်းပစဉ်။

စည်သူလင်း (ပြန်/ဆက်)



တံတားဦးခရိုင် တံတားဦးမြို့နယ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖျော်ဖြေရေးမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေပိုင်းက တံတားဦးမြို့ အမှတ်(၂)ရပ်ကွက် ဆုံကုန်းရပ်ရှိ မြို့နယ်ခန်းမရှေ့၌ ကျင်းပရာ တံတားဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်း၊ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ဇေယျာမင်းနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

မြို့နယ် (ပြန်/ဆက်)



## မိုင်းပန်မြို့နယ်၌ မဟာသင်္ကြန်အကျနေ့ အေးချမ်းစွာ ကျင်းပ

မိုင်းပန် ဧပြီ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ ၁၃၈၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို ယနေ့နံနက်ပိုင်းက အေးချမ်းစွာဖြင့် မွေတော်မဏ္ဍပ်၌ ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက မွေတော်ဈေးမဏ္ဍပ်၌ အေးချမ်းစွာ ရေပက်ဖျန်းကြပြီး ရေပက်ခံပြည်သူများအား စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

# ၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$)နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ | ဆာလဖာ ဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင် ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# နတ်တလင်းမြို့နယ်၌ အပူဒဏ်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

နတ်တလင်း မေ ၁၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အပူဒဏ်ကာကွယ်ရေးလုပ်ငန်းများကို အပတ်စဉ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက သာဇီရပ်ကွက် ဇေယျဝတီကျောင်းတိုက်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နတ်တလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးအေးသန့်၏ ဦးဆောင်မှုဖြင့် မိခင်ကလေးကျောင်းကျန်းမာအာဟာရ ဦးစီးအရာရှိ ဒေါက်တာခိုင်သဉ္ဇာနှင့် ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်ကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်း၊ ရေနှင့်သတ္တုဓာတ်များပြန်လည်ဖြည့်တင်းရေးအတွက် ဓာတ်ဆားရည်ဖျော်စပ်နည်းများ သင်ကြားပေးခြင်း၊ အပူဒဏ်ကြောင့် နွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်းများဖြစ်ပေါ်ပါက ဆောင်ရန်/ရှောင်ရန်များအား ကျန်းမာရေးအသိပညာပေးခြင်း၊ သက်ကြီးရွယ်အိုများ စနစ်တကျရေချိုးနိုင်စေရေး ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)



# နောင်ချိုမြို့နယ်အတွင်း တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ကွင်းဆင်းဆောင်ရွက်



နောင်ချို မေ ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဇော်လွင်သည် နောင်ချိုမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နေပြီဖြစ်သော မွေးမြူရေးခြံများသို့ မြို့နယ်အတွင်း နွားနို့နှင့် ကြက်ဥစားသုံးမှုဖူလုံစေရုံသာမက ထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားလာစေရေး၊ ကူးစက်ရောဂါများ ကင်းဝေးစေရေးနှင့် မြစိမ်းရောင် စီမံကိန်းကျေးရွာရှိ တစ်နိုင်တစ်ပိုင် ဒေသ ကျွဲမွေးမြူရေး တောင်သူများ၏ မွေးမြူရေးအသိပညာ မြင့်မားလာစေရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဇော်လွင်သည် ယမန်နေ့က နောင်ချိုမြို့နယ် ခဲထိတ်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးထွန်းထွန်း၏ နို့စားနွား ၃၅၇ ကောင် မွေးမြူထားရှိသော PEP နို့စားနွား မွေးမြူရေးခြံ၊ သုံးဆယ်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးအောင်ရဲလင်း၏ ဥစားကြက် ၂၂၅၀၀ မွေးမြူထားရှိသော ဥစားကြက် မွေးမြူရေးခြံ၊ အုမ္မခါးကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဒေါ်စိုးရှောက်ဟွာ၏ ဥစားကြက် ၃၆၇၀၀ မွေးမြူထားရှိသော ဥစားကြက် မွေးမြူရေးခြံများသို့ ကွင်းဆင်းစစ်ဆေးကာ နွားနို့နှင့် ကြက်ဥထုတ်လုပ်မှု ပိုမိုတိုးတက် ရရှိစေရေး၊ မြို့နယ်အတွင်း စားသုံးမှု ဖူလုံစေရုံသာမက အခြားမြို့နယ်များသို့ပါ ပိုမိုတင်ပို့ ရောင်းချနိုင်ရေး၊ နွားစာစရိတ် သက်သာစေရန် စားကျက်မြက်ခင်းများတိုးချဲ့စိုက်ပျိုး၍ မြက်အစိုနှင့် မြက်ချဉ်ဖတ် တိုးမြှင့်ပြုလုပ်ကျွေးမွေးခြင်းဖြင့် ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ကာ နို့နှင့်နို့ထွက်ပစ္စည်းကုန်ချောများကို ပြည်တွင်းရှိမြို့နယ်အသီးသီးသို့ ဈေးနှုန်းသင့်တင့်စွာ ဖြင့်ဖြန့်ဖြူးနိုင်ရေး၊ ကူးစက်ရောဂါများကြိုတင်ကာကွယ် တားဆီးနိုင်ရေးတို့အတွက် လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းဆောင်ရွက်ရမှု အခက်အခဲများအပေါ် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဖြည့်ဆည်းပေးခြင်း၊ ပေါက်ကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရှိ ဒေသကျွဲမွေးမြူရေး တောင်သူများအားတွေ့ဆုံကာ တိရစ္ဆာန်ကူးစက်ရောဂါများ ကြိုတင်ကာကွယ်တားဆီးရေး၊ နိုင်ငံတော်၏ အရင်းမပျောက် မတည်ရန်ပုံငွေအား ကျေးရွာ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးအတွက် အကျိုးရှိစွာအသုံးချလျက် တစ်နိုင်တစ်ပိုင် ဒေသကျွဲများ ဖြစ်ထွန်းအောင်မြင်အောင် ကြိုးစားမွေးမြူနိုင်ရေး တို့ကို အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ရေတာရှည်မြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး ဆွေးနွေးဟောပြော

ရေတာရှည် မေ ၁၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့စည်ပင်သာယာဈေး၌ မေ ၁၂ ရက် နံနက်ပိုင်းတွင် အပူဒဏ်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ခြင်းကို ရေတာရှည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဒေါက်တာ နန္ဒာသီဆွေ၏ ကြီးကြပ်မှုဖြင့် ဆွာတိုက်နယ်ကျန်းမာရေးဌာနမှ တိုက်နယ်ဆရာဝန်နှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ဆွာမြို့အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃-တိုးချဲ့ ကျောက်စိမ်းလမ်း၊ မြေကွက်အမှတ်-၇၉၅ ၊ အကျယ်အဝန်း (၄၀'× ၆၀')၊ (၂၄၀၀) စတုရန်းပေ၊ ဧရိယာ (၀.၀၅၅) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်သူ ဦးမျိုးသူရလွင် (၁၂/ကမရ (နိုင်) ၀၁၃၈၄၄) မှာ လူ့ပျံကြီးအဖြစ် ကွယ်လွန်သွားသည့်အတွက် ၎င်း၏ ညီမဖြစ်သူ ဒေါ်ချိုချိုလွင် (၁၂/ဗဟန (နိုင်) ၀၇၀၁၉၆) မှ ဒဂုံမြို့သစ်ခရိုင်တရားရုံးတွင် အမွေထိန်းစာလျှောက်ထားလျက်ရှိပြီး ဒေါ်ချိုချိုလွင်ထံမှ (၆-၄-၂၀၂၆) ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝင်းသစ်နွယ် (၁၄/မမန (နိုင်) ၁၅၄၆၀၄) က လက်ရှိထားပိုင်ဆိုင်၍ လွှတ်လပ်စွာရောင်းချခွင့်ရှိသူဟုအဆိုပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရံငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြမြသင်း ( LL.B )
တရားလွှတ်တော်ရှေ့နေ (စဉ် – ၄၃၈၀)
အမှတ် – ၅၂ ၊ ပထမထပ်၊ ရ-လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း – ၀၉ ၅၀၈၂၈၁၁

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၂၁၊ နည်းဥပဒေ – ၆၆)
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၁၆

**ထွန်းကော်မာရှယ်ဘဏ်လီမိတက် (၎င်း၏ဒုတိယ မန်နေဂျာ ဦးသူရိန်ဝင်း)** နှင့် **ဒေါ်သဇင်ပွင့်**
**ဒီကရီအနိုင်ရသူ** / **တရားရှုံး**

သင်္ဃန်းကျွန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၂၄/၂၀၂၄ အမှုတွင်အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၂၆ ခုနှစ်၊ မေလ ၂၁ ရက် နံနက် ၁၀:၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၃၃၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် (၄၆/က၂)၊ ဧရိယာ(၀.၀၄၂) ဧကအကျယ်အဝန်းရှိ မြေပိုင်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၈၄)၊ မြနန္ဒာလမ်း၊ (၁၃) ရပ်ကွက်၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

လေလံကြမ်းခင်းဈေးကျပ်သိန်း (၁၅၀၀၀)
(ကျပ်သိန်းတစ်သောင်းငါးထောင်)

လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲ ဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးသည့်ဈေးနှုန်းမှာရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင် ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်

၇။ လေလံကျန်ငွေများကိုအထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(တင့်တင့်ဌေး)
တွဲဖက်ခရိုင်တရားသူကြီး (၂)
သင်္ဃန်းကျွန်းခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်သာယာ(နောက်)မြို့နယ်၊ အတွင်းပဒံကျေးရွာ၊ မြင့်ရတနာလမ်း၊ မြေတိုင်းအမှတ်-သကတ(၁၆)တွင် အိုးအိမ်ဦးစီးဌာနမှ ချထားပေးသည့် မြေကွက်အမှတ်(၅၁၀)ပါမစ်မူရင်းအမည် ဦးအောင်ဝင်း မြေဧရိယာ(၄၀x၆၀)ပေထဲမှ ဒေါ်သန်းလှ (ဦးအောင်ဝင်းဇနီး) (MGDN-005399)ဆိုသူမှ မြေဧရိယာ(၂၀x၆၀)ပေကို တရားဝင်ပိုင်ဆိုင်ထားပြီး ၎င်းကိုယ်တိုင် ရောင်းချသည့်အတွက် ဦးထက်အောင်ရှိုင်း [၁၄/ဘကလ(နိုင်)၃၀၆၇၄၄]မှ တရားဝင်ဝယ်ယူ ပိုင်ဆိုင်နိုင်ရန် အဆိုပါအိမ်ခြံမြေ တန်ဖိုး၏တချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍အဆိုပါ အိမ်ခြံမြေနှင့် ပတ်သက်စပ်ဆိုင်၍ ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာမှတ်စာတမ်း အထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ ဤကြေညာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးထက်အောင်ရှိုင်း၏ လွှဲအပ်ချက်အရ–**
**ဦးဝင်းမင်းဗိုလ် (LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၈၅၉)**
**အမှတ်–(၁၅၈/ခ)၊ ပေ–၂၀လမ်း၊ အတွင်းပဒံကျေးရွာ၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉–၄၂၈၆၀၆၆၃၆၊ ၀၉–၆၈၉၆၈၈၈၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၉)၊ မြေကွက်အမှတ်(၆၅၉)၊ အကျယ်အဝန်း(၄၀ပေx ၆၀ပေ)ရှိပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနနှင့် ရန်ကုန်မြို့ မြို့ပြနှင့်အိမ်ရာဦးစီးဌာနတွင် ဦးကျော်သန်း[၁၂/ဒဂန(နိုင်)၀၁၁၄၆၀] အမည်ဖြင့်တည်ရှိပြီး ၎င်းထံမှ ယခုရောင်းချသူ ဦးစောပိုင်စိုးသူ[၃/ဘအန(နိုင်)၂၂၅၄၄၅]သည် ပါမစ်မူရင်းနှင့်မြေကွက်အား အရပ်ကတိ စာချုပ်အဆက်အစပ်ဖြင့် မိမိတရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပါကြောင်း၊ တရားရုံးနှင့်တကွ အပေါင်အနှံ အရှုပ်အရှင်း ကင်းရှင်းကြောင်း၊ လွတ်လပ်စွာတစ်ဆင့်ပြန်လည် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်မို့မို့[၁၂/ရကန(နိုင်)၀၅၁၄၄၉]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ တရားဝင်အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိမ့်ဖြူနိုင် LL.B,D.B.L,DML**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၈၇၇)**
**တိုက်–(အေ–၂) ၊ အခန်း(၀၀၃)၊ မြေညီ၊ ချယ်ရီ(၁)လမ်း၊**
**ဒဂုံတက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံအရှေ့မြို့နယ်။**
**ဖုန်း–၀၉–၇၆၄၅၀၅၄၈၂၊ ၀၉–၅၅၀၅၄၈၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၇)လမ်း၊ တိုက်အမှတ်–၅၁၅၊ တတိယထပ် (ခေါင်းရင်း) (၄–လွှာ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှလှ[၁၃/တကန(နိုင်)၀၂၃၉၆၆]ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောမူရင်း စာရွက်စာတမ်းအထောက်အထားများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဒေါ်အေးနန္ဒာထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၁၄၈၁)**
**အမှတ်–၁၀/၁၂၊ 103(I) (ပထမထပ်)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၅၄၉၆၀၇၈၇**

## ဆောက်လုပ်ရေး ကန်ထရိုက်တာများဖြစ်ကြသော ဦးဇော်ဇော်လေး၊ ဦးလှအောင်၊ ဒေါ်စိန်လှနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင် (၁၇)လမ်း၊ အိမ်အမှတ် (၁၆၂)နေ ကျွန်ုပ်၏အမှုသည် ဦးနီမောင် (ခ) ဦးနေမောင် (၁၁/မတန (ပြု) ၀၀၀၇၉၃)၏ လွှဲအပ်ညွှန်ကြားချက်အရ (၁၅–၃–၂၀၂၆)ရက်စွဲပါ ကြေးမုံသတင်းစာ၌ပါရှိသည့် တရားလွှတ်တော်ရှေ့နေ ဦးသန်းထိုက်အောင်၏ ဦးဇော်ဇော်လေး အပါအဝင်အများသိစေရန် ကြေညာချက်အား ကန့်ကွက်ကြောင်း အောက်ပါအတိုင်းကြေညာအပ်ပါသည်–

ကန်ထရိုက်တာ ဦးဇော်ဇော်လေးမှ ကျွန်ုပ်၏အမှုသည်အား သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေး(မြောက်ပိုင်း)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၂၃၀)၊ ပေ(၂၀x၆၀)ကျယ်ဝန်းသော မြေရှင် ဦးစံရွှေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် (၆)ထပ်တိုက်ဆောက်လုပ်မည်ဖြစ်ကြောင်း ပြောဆို၍ (၅)လွှာတိုက်ခန်းအား ကြိုပွိုင့်စနစ်ဖြင့် တန်ဖိုးငွေကျပ်သိန်း (၅၅၀) သတ်မှတ်၍ ရောင်းချရန်ကမ်းလှမ်းခဲ့ပြီး (၉–၄–၂၀၂၄)နေ့တွင် စာချုပ်ချုပ်ဆို၍ ကျွန်ုပ်၏အမှုသည်ထံမှ စရန်ငွေကျပ် သိန်း(၃၀၀)အား လက်ခံရယူခဲ့သော်လည်း အဆိုပါကန်ထရိုက်တိုက်အား လုံးဝဆောက်လုပ်ခြင်းမရှိသဖြင့် ဦးနီမောင် (ခ) ဦးနေမောင်မှ သင်္ဃန်းကျွန်းခရိုင် တရားရုံးတော်တွင် တရားမကြီးမှုအမှတ်(၂၇၂/၂၀၂၄)ဖြင့် တရားစွဲဆိုဆောင်ရွက်လျက်ရှိပါသည်။

တရားရင်ဆိုင်နေသည့်ကာလအတွင်း အဆိုပါကန်ထရိုက်ဆောက်လုပ်မည့်လုပ်ငန်းအား ဦးဇော်ဇော်လေးမှ အခြားကန်ထရိုက်တာများဖြစ်သော ဦးလှအောင်၊ ဒေါ်စိန်လှတို့အား စာချုပ်ချုပ်ဆို၍ လုပ်ငန်းလွှဲပြောင်းပေးခဲ့ပါသည်။ ဦးလှအောင်နှင့် ဒေါ်စိန်လှတို့မှ (၁၅–၃–၂၀၂၆)ရက်စွဲပါ ကြေးမုံသတင်းစာတွင် ကြိုပွိုင့်ဝယ်ယူထားသူများသည် ဦးဇော်ဇော်လေးနှင့်သာ တိုက်ရိုက်ဖြေရှင်းကြရန် ကြေညာချက်သည် ကျွန်ုပ်၏အမှုသည်အား များစွာထိခိုက်နစ်နာစေပါသည်။ ကျွန်ုပ်၏အမှုသည်နှင့် ဦးဇော်ဇော်လေး၊ ဦးလှအောင်၊ ဒေါ်စိန်လှ (ကန်ထရိုက်တာများ)နှင့် မြေရှင် ဦးစံရွှေတို့ တွေ့ဆုံညှိနှိုင်းမှုမရှိဘဲ ကျွန်ုပ်၏အမှုသည်မှ ကြိုပွိုင့်စနစ်ဖြင့်တိုက်ခန်းဝယ်ယူထားခြင်းအပေါ် မျက်ကွယ်ပြု၍ ဆောက်လုပ်ရေးလုပ်ငန်းများကိုဆက်လက်ဆောင်ရွက်နေမည်ဆိုပါက သက်ဆိုင်ရာဌာနများသို့တင်ပြပြီး ကန့်ကွက်တားမြစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးနီမောင် (ခ) ဦးနေမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မြင့် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၃၁၈)**
**အမှတ် (၁၀/၁၂)၊ ပထမထပ်၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ 09– 450010267, 09– 798966849**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၅–၃–၂၀၂၆) ရက်နေ့ ကြေးမုံသတင်းစာ၏ ကြော်ငြာစာမျက်နှာ (၂၉)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်–၁၇ .ဒေါ်ဗိုလ်မ၏ အမည်ပြောင်းတွင် လျှောက်ထားသူ အမည် ဒေါ်ဗိုလ်မ +၁ ဟု အမှန်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၀–၃–၂၀၂၆) ရက်နေ့ ကြေးမုံသတင်းစာ၏ ကြော်ငြာစာမျက်နှာ (၂၉) ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်–၅. ဦးရဲမင်းထွန်း + ၁ ၏ အမည်ပြောင်းတွင် မြေကွက်အမှတ်–၃/က . ၃/A အစား မြေကွက်အမှတ်–၃/က. ၃/A .၁ ဟု အမှန်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၉ သမိုင်း၊ မြေကွက်အမှတ်၊ ၁၇/င–၄–A–၁၊ ဧရိယာ(၀.၁၉)ဧက၊ မြေကွက်တည်နေရာအမှတ်–၂၈၊ ပြည်လမ်း၊ ၆–ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ လှိုင်ကော်သာသနာလုံးဆိုင်ရာ ကသလစ် သာသနာပြုလုပ်ငန်းအဖွဲ့ အမည်ပေါက်မြေပိုင်မြေ (မြို့မြေသတ်မှတ်)မြေအား လှိုင်ကော်သာသနာလုံးဆိုင်ရာ ကသလစ်သာသနာပြုလုပ်ငန်းအဖွဲ့ (ကိုယ်စား) ဦးမာကိုဖဲဗျား [၁၃/ဖခန(နိုင်)၀၄၅၄၀၆] မှ မရမ်းကုန်းမြို့နယ်သာသနာရေးမှူးထောက်ခံချက်၊ ခရိုင်သာသနာရေးမှူးထောက်ခံချက်၊ တိုင်းဒေသကြီးသာသနာရေးမှူးထောက်ခံချက်၊ အမှတ်(၆)ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ လှိုင်ကော်ကက်သလစ်သာသနာ–လှိုင်ကော်မြို့ သာသနာလုံးဆိုင်ရာ သာသနာ့အကျိုးတော်ဆောင်အဖွဲ့ရုံး အစည်းအဝေးဆုံးဖြတ်ချက်၊ ကိုယ်စားလှယ်လွှဲစာ၊ အမည်ပေါက်စာချုပ် မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ မြေတိုင်းနှင့်မှတ်တမ်းထားရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၂၇၁)၊ (၇)လွှာ၊ (အလျား ၂၅ ပေ x အနံ ၅၀ ပေ)အကျယ်အဝန်းရှိ နေအိမ်တိုက်ခန်းနှင့်တကွ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာ၊ ကြိုးဖုန်း (၁)ခု၊ ဆိုဖာ (၁)စုံ၊ Air Con – ၁ လုံး၊ Pressure Pump (၁)လုံးအပါအဝင် ဆက်စပ်ပစ္စည်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပြီး ယနေ့တိုင် ပိုင်ဆိုင်အကျိုးခံစားခွင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသဖြင့် အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိဖြင့်အဆိုပြုလာသူ ဦးသန့်ဇင် [၁၂/လသန(နိုင်)၀၀၃၆၄၆](LTA–၀၀၁၂၈၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမွန်[၈/ဆပဝ(နိုင်)၀၀၀၁၈၅]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်အေးအေးမွန်**
**[၈/ဆပဝ(နိုင်)၀၀၀၁၈၅]**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ရည်မွန်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၂၀၂၂၉)**
**ဖုန်း–၀၉–၄၄၈၂၈၈၃၁၈**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၈)၊ မြေကွက်အမှတ်(၁၀၆)၊ (၄၀'x ၆၀') အကျယ်ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြမောင် (ISN–၀၆၈၈၅၄) အမည်ပေါက်လျက်ရှိပြီး ဦးမြမောင်ထံမှ ဦးစိုးညွန့်၊ ၎င်းထံမှ ဒေါ်သက်နွယ်ဝင်း ဝယ်ယူခဲ့ပြီး ၎င်း (၄၀'x ၆၀') အကျယ်အဝန်းအနက်မှ (၁၀'x၆၀')ကို ဝယ်ယူခဲ့သူ ဒေါ်အိမြတ်မွန် [၁၂/လကန(နိုင်)၁၈၉၉၁၅]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးအောင်သန်းဌေး [၁၁/ရသတ(နိုင်)၀၆၂၇၉၆]က (၁၀'x၆၀')ကို ၁၆–၂–၂၀၂၄ ကတည်းက ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နှင်းဆီ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၄၄၁)**
**အမှတ်–(၁၈၆)၊ ဗဟိုလမ်း၊ ကျွန်း/လယ်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၇၉၄၄၆၇၁၆၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၃၊ မြေကွက်အမှတ်–၃၁၁၊ အကျယ်အဝန်း (၄၀'× ၆၀')၊ (၂၄၀၀) စတုရန်းပေ၊ ဧရိယာ (၀.၀၅၅) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၁၃) ရပ်ကွက်၊ စိုက်ပျိုးရေး (၇) လမ်း၊ အမှတ် ( ၃၁၁ ) ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ဇာကြည်ဝင်း (၉/တသန (နိုင်) ၁၀၀၃၀၃) နှင့် ဒေါ်ခင်သူ (၉/တသန (နိုင်) ၁၄၅၂၀၅) တို့မှ အမည်ပေါက်ပြီး လက်ရှိထားပိုင်ဆိုင်၍ လွတ်လပ်စွာရောင်းချပိုင်ခွင့်ရှိသူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြမြသင်း ( LL.B )
တရားလွှတ်တော်ရှေ့နေ (စဉ် – ၄၃၈၀)
အမှတ် – ၅၂ ၊ ပထမထပ်၊ ရ-လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း – ၀၉ ၅၀၈၂၈၁၁

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ရွှေပြည်စိုးလမ်း၊ (၁)ရပ်ကွက်၊ မြေကွက်အမှတ်(၁၅၈)၊ အကျယ် အဝန်း(၄၂'x၆၀')ရှိ မြေကွက်သည် ဦးစောသြဂတ်စတင်း အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရ သေးသည့် (၂၁'x၆၀')အကျယ်၊ (ခေါင်းရင်းဘက်ခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းသန်းထိုက် [၉/မခန(နိုင်)၂၂၀၆၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒီဇော်[၇/ကပက (နိုင်)၁၀၀၈၇၆]က အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုမြတ်စန္ဒီ (LL.B , D.B.L)   အထက်တန်းရှေ့နေ (စဉ်–၄၉၆၅၂)**
**အမှတ်–၁၇၇၊ သုတ–၆ လမ်း၊ ၄–ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉– ၄၂၁၁၃၀၆၃၁၊ ၀၉–၇၈၈၈၁၁၈၁၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မိဂသီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂) မြေကွက်အမှတ်(၂၃၂)၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေပေါ်တွင် တည်ဆောက်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦရှိ (၄)လွှာ/ခေါင်းရင်းခန်း၊ ကျယ်အဝန်း(၁၃ပေx၅၅ပေ)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော ရေမီတာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၂၇– ၇– ၂၀၂၄)နေ့စွဲပါ "တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းပြဿနာ ကင်းရှင်းပါကြောင်း မြွက်ဟဝန်ခံကတိပြုလျက် အဆိုပါတိုက်ခန်းအား လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာသူများဖြစ်သည့် (၁)ဦးအောင်မျိုးသူ [၆/မမန(နိုင်)၁၄၄၅၁၁] နှင့် (၂) ဒေါ်ခင်ရှုပစိုး [၁၂/တမန(နိုင်)၁၀၆၆၃၀]တို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်စရန်ငွေများပေး ချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ယု   တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၁၈/၂၀၁၇)**
**အမှတ်–၁၀၄၊ ပထမထပ်၊ ၃၉–လမ်း ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၂၀၀၃၉၀၂၈**

# “ ဂုဏ်ယူဝမ်းမြောက်ခြင်း ”

## ပြည်သူ့ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ခံရသည့်

## နိုင်ငံတော်သမ္မတကြီး
## “သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ ဦးမင်းအောင်လှိုင်”
## နှင့် အစိုးရအဖွဲ့အတွက်

အထူးဂုဏ်ယူဝမ်းမြောက်ပြီး နိုင်ငံတော်၏ အနာဂတ်အတွက်

အပြည့်အဝ ယုံကြည်စွာဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းသာပီတိ ဖြစ်ရပါသည်။

သမ္မတကြီးနှင့် အစိုးရအဖွဲ့မှ နိုင်ငံတော်နှင့်ပြည်သူများကို ဦးဆောင်ပြီး

ပိုမိုကောင်းမွန်သော ခေတ်သစ် မြန်မာနိုင်ငံတော်ကြီး တည်ဆောက်နိုင်ပါစေကြောင်းနှင့်

သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံ့တာဝန်များကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်များ
မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (MTF)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၁၄

| | | | |
|---|---|---|---|
| ချောက် | ၄၃ | ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၂ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၂ | ဒသမ သုည | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၁ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၁ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၄၁ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |

# နေပြည်တော်လမ်းလျှောက်သင်္ကြန် သင်္ကြန်အကျနေ့တွင် လာရောက်လည်ပတ်ကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကား

နေပြည်တော် မေ ၁၄

နေပြည်တော်ရင်ပြင်၌ ကျင်းပသည့် နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် ယနေ့ သင်္ကြန်အကျနေ့ နံနက်ပိုင်းမှစတင်ကာ လာရောက်လည်ပတ်ကြသူ ပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။



နေပြည်တော်လမ်းလျှောက်သင်္ကြန်ရှိ မြန်မာ့ရိုးရာ သနပ်ခါးနှင့် လက်ဖက်ပွဲတော် မဏ္ဍပ်၊ ထမနဲမဏ္ဍပ်၊ ဝန်ကြီးဌာနအလိုက် သင်္ကြန်မဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ ပါဝင်သည့်အပြင် အစားအစာရောင်းချသည့် ဆိုင်တန်းများ၊ ကလေးငယ်များအတွက် ရေလွှာလျှောစီးနှင့် ပျော်အိကစားကွင်းများကိုလည်း စီစဉ်ပေးထားသည်ကို တွေ့ရသည်။

နေပြည်တော်လမ်းလျှောက်သင်္ကြန်သို့ လာရောက်လည်ပတ်ကြသည့် သင်္ကြန်ချစ်ပြည်သူများကို ရေကစားမဏ္ဍပ်များ၌ ပြည်တွင်းမှ နိုင်ငံကျော် အနုပညာရှင်များ၊ တေးသံရှင်များအပြင် ဘယ်လာရုစ်နိုင်ငံမှ အနုပညာရှင်များ၊ ကိုရီးယားနိုင်ငံ K-Pop အဆိုတော်များက DJ, Music Band များနှင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

# မန်ယူအသင်း လိဒ်စ်ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့် ၁၉၈၁ ခုနှစ်နောက်ပိုင်း အိုးထရက်ဖို့ဒ်၌ လိဒ်စ်ယူနိုက်တက် ပထမဆုံးနိုင်ပွဲရရှိ



မန်ယူအသင်းနဲ့ လိဒ်စ်ယူနိုက်တက်အသင်းတို့ မေ ၁၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်ယူအသင်းဟာ လိဒ်စ်ယူနိုက်တက်အသင်းကိုနှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့ရတဲ့ လိဒ်စ်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၅ မိနစ်နဲ့ ၂၉ မိနစ်တို့မှာ အိုကာဖောက နှစ်ဂိုးစလုံး သွင်းယူပေးခဲ့ပြီး မန်ယူအသင်းအတွက်

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❂

# နောက်ခံလူ သီဟထက်အောင်နှင့် ဂိုးသမား ပြည့်ဖြိုးအောင်တို့ကို ရတနာပုံအသင်း ခေါ်ယူ

ရန်ကုန် မေ ၁၄

ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်နေသည့် မြန်မာနေရှင်နယ်လိဂ်ကလပ် ရတနာပုံအသင်းသည် ကစားသမားသစ်များ ဆက်တိုက်ခေါ်ယူနေပြီး လက်ရွေးစင်နောက်ခံလူ သီဟထက်အောင်နှင့် လက်ရွေးစင်ဟောင်း ဂိုးသမား ပြည့်ဖြိုးအောင်တို့ကို ထပ်မံခေါ်ယူခဲ့သည်။

ရတနာပုံအသင်းသည် ဆွမ်လမန်နှင့် သက်ပိုင်ထွေးတို့ကို ခေါ်ယူခဲ့ပြီးနောက် ခံစစ်အားဖြည့်သည့်အနေဖြင့် နောက်ခံလူနှင့် ဂိုးသမားတစ်ဦးစီ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ သီဟထက်အောင်သည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရ မြန်မာ ယူ-၂၀ အသင်းနှင့်အတူ ထင်ရှားလာသည့် ကစားသမားတစ်ဦးဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ်ကလပ်များဖြစ်သည့် ဇေယျာရွှေမြေ၊ ရန်ကုန်ယူနိုက်တက်၊ ဖွဲ့ကပင်ယူနိုက်တက်၊ ချင်းယူနိုက်တက်၊ ရခိုင်ယူနိုက်တက်၊

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ○

## ယနေ့ ဖတ်စရာ

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

စာမျက်နှာ » ၁၁

----------------------------------------

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်၌ လျှပ်စစ်ကားအားသွင်းရုံများ အများအပြားတည်ထောင်မည်

စာမျက်နှာ » ၁၃

# အာဆီယံ ယူ-၁၇ ပြိုင်ပွဲ အဖွင့်ပွဲတွင် သရေကျခဲ့သည့် မြန်မာ ယူ-၁၇ အသင်း အုပ်စုဒုတိယပွဲအဖြစ် ထိုင်းနှင့် ယနေ့ကစားမည်

ရန်ကုန် မေ ၁၄

၂၀၂၆ အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (B) ဒုတိယနေ့ကို မေ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု (B) ဒုတိယနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် လာအိုအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စာမျက်နှာ ၁၉ ကော်လံ ၄ သို့ ❖


မြန်မာ အသင်းနှင့် လာအို အသင်းတို့ ယှဉ်ပြိုင် ကစားကြစဉ်။